# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၁၈)


# ဖားဆောင်းမြို့ နန်းကစ်ကျေးရွာရှိ မယ်ထောက်နွှန်း သဘာဝလိုဏ်ဂူအား ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်မည်

ဖားဆောင်း ဇန်နဝါရီ ၂၅

ကယားပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနက ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ လာရောက်လေ့လာ လည်ပတ်နိုင်ရန်အတွက် ကယားပြည်နယ် ဒေသဆိုင်ရာ ခရီးသွားကော်မတီ အဖွဲ့ဝင်များ၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ကယားဇုန်) အဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားများ လေ့လာ လည်ပတ်နိုင်ရန် ဖားဆောင်းမြို့နယ် နန်းကစ်ကျေးရွာရှိ မယ်ထောက်နွှန်း သဘာဝလိုဏ်ဂူအား (ယာပုံ)ခရီးစဉ် ဒေသသစ်တစ်ခု ဖြစ်ပေါ်လာရေး ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးလင်းဇော်ထွန်း၏ ပြောကြားချက်အရ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❐




**ရှေးကတေးသံ မင်္ဂလာရှိလို့နေပြန်**

ဆောင်းပါး စာ ၆

..................

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာ ၈


# the Hanger ဈေးရုံကြီးတွင် ပြင်ပဈေးရောင်းချသော ပုံမှန်ဈေးနှုန်းထက် သက်သာစွာရောင်းချပေးနေ

ရန်ကုန် ဇန်နဝါရီ ၂၅

အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ရန် စီစဉ်ထားပြီး အမိုးခုံးပုံသဏ္ဌာန်ဖြင့် ဆောက်လုပ်ထားသော သန်လျင်မြို့နယ် Star City အိမ်ရာဝင်းရှိ the Hanger ဈေးရုံကြီးတွင် ပြင်ပဈေးရောင်းချသော ပုံမှန်ဈေးနှုန်းထက် သက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း မြန်မာ့စားသောက်ဆိုင်နှင့် အဖျော်ယမကာစီမံခန့်ခွဲမှုကုမ္ပဏီထံမှ သိရသည်။

" ဒီ Wet Market မှာ ရောင်းတဲ့ဆိုင်တွေက ရန်ကုန်မြို့မှာရှိတဲ့ စားသောက်ဆိုင်ကြီးတွေကို အထောက်အပံ့လုပ်ပေးနေတဲ့သူတွေကို ဖိတ်ခေါ်ထားတဲ့အတွက် သူတို့တွေကနေလာပြီး ဖွင့်ပေးထားတာပါ။ အဲဒါကြောင့် ဒီထဲမှာရောင်းတဲ့ဆိုင်တွေက အပြင်ဈေးနှုန်းထက် သက်သာပါတယ်။ အပြင်ကလည်း စိတ်ဝင်တစားနဲ့ လာဝယ်ကြတယ်" ဟု the Hanger အထွေထွေမန်နေဂျာ ကိုသီဟအောင်က ပြောသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖




**ယနေ့ နိုင်ငံတကာရေးရာ**

**ဂျပန်နိုင်ငံ၌ လူပေါင်း ၂၀၀ နီးပါး နေအိမ်များတွင် အသွားအလာကန့်သတ်မှု ခံယူစဉ်အတွင်း သေဆုံး** စာ - ၁၂

**အစ္စရေးနိုင်ငံတွင် အသွင်ပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ် ကူးစက်မှုမှကာကွယ်ရန် လေကြောင်းလိုင်းများကို ပိတ်ပင်** စာ - ၁၃



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# စံချိန်စံညွှန်းနှင့် ပညာရှင်များ

မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ – ၂၀၂၀ (MNBC Code–2020) ကို ယခု ကျန်ခဲ့သည့်နှစ် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့က စတင်ပြီး ရည်ညွှန်းကိုးကားလိုက်နာကြရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးက ညွှန်ကြားခဲ့ပါသည်။

အဆောက်အအုံဆိုင်ရာ အခြေခံစံချိန်စံညွှန်းများ ဆိုသည်မှာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အသုံးပြုသူများနှင့် ပြည်သူအများ ထိခိုက်နစ်နာမှု မရှိစေရန် ပုံစံထုတ်သူ ဗိသုကာများ၊ ကြံ့ခိုင်မှုဒီဇိုင်းထုတ်သူနှင့် ဆောက်လုပ်သူ အင်ဂျင်နီယာများ ဂရုပြုလိုက်နာရမည့် စံချိန်စံညွှန်းများ ဖြစ်၏။

ဗိသုကာများ၊ အင်ဂျင်နီယာများဟူသည့် မတူကွဲပြားသော ပညာရပ်ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ရာတွင် မိမိတို့ တာဝန်ယူရသည့် အစိတ်အပိုင်းနှင့် ကဏ္ဍအလိုက် အများပြည်သူနှင့် သုံးစွဲသူတို့ ရုပ်ပိုင်း၊ စိတ်ပိုင်း ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိတိကျကျလိုက်နာရမည့် စံချိန်စံညွှန်းများကို ထုတ်ပြန်ရေးဆွဲပေးထားခြင်းဖြစ်ပါသည်။

ဥပဒေဆိုသည်မှာ အချို့သောသူတို့ ယူဆနေသကဲ့သို့ အလုပ်လုပ်ရာတွင် ခက်ခဲအောင် တင်းကျပ်ချုပ်ကိုင်ရန်အတွက် မဟုတ်ဘဲ၊ အများပြည်သူကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။ ဤသည်မှာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများကြားထားရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်လည်း ဖြစ်ပါသည်။ စံချိန်စံညွှန်းများတွင် အချက်အလက်မျိုးစုံ ပါဝင်သော်လည်း ပြည်သူလူထု၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုမရှိရေးကို အဓိကထား ပြဋ္ဌာန်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့် သာမန်လူနေအိမ်တစ်ခုတွင် အတတ်နိုင်ဆုံးရှိသင့်သည့် လှေကားအကျယ်၊ အထစ် အစိတ်အကျဲ၊ အမြင့်နှင့် ခြေနင်းအချိုး၊ လူအများသုံး အဆောက်အအုံဖြစ်လျှင် အရေးပေါ်ထွက်ပေါက် မည်မျှထက် ပိုမဝေးသင့်၊ အိပ်ခန်းတို့တွင် လေဝင်လေထွက်နှင့် သဘာဝအလင်းရောင်ရရန် ပြတင်းရေိယာ မည်မျှလောက် အနည်းဆုံးရှိသင့်သည် စသည်ကဲ့သို့သော သတ်မှတ်ချက်များ ဖြစ်ပါသည်။

အထက်တွင်ဆိုသကဲ့သို့ စံချိန်စံညွှန်းများဟူသည် ပညာရှင်စစ်စစ်တို့အတွက် အထူးတလည် ပြန်လည်ရည်ညွှန်းကိုးကားနေရန်ပင် မလိုအပ်ဟုအဆိုရှိပါသည်။ ပညာရှင်ပီပီသသ အလုပ်လုပ်နေသူတို့သည် ဥပဒေထုတ်ပြန်သည်ဖြစ်စေ၊ မထုတ်ပြန်သည်ဖြစ်စေ ထိုစံချိန်စံညွှန်းများကို စောင့်ထိန်းလိုက်နာပြီး ဖြစ်နေလေ့ရှိသည်ဟု ဆိုလိုရင်းဖြစ်ပါ၏။ သို့သော်လည်း လုပ်ငန်းတို့တွင် ငွေကြေးအမြတ်အစွန်းတစ်ခုတည်းပေါ် အာရုံစိုက်လာပြီး မမှန်ကန်သော လုပ်ငန်းရှင်များနှင့် မရိုးသားသော အဂတိမကင်းသော တာဝန်ရှိသူများ၏ လက်အောက်တွင် စနစ်တကျ ဆောင်ရွက်မှုများအစား အခြေအနေအရနှင့် အဆင်ပြေသလိုလုပ်ကြသည့် စနစ်ဆိုးများဖြစ်လာခဲ့သည်။ ထိုသို့စနစ်ဆိုးဖြင့် အလုပ်လုပ်လာကြသည့် ခေတ်ကာလရှည်ကို ဖြတ်သန်းခဲ့ရသည့်အခါ စံချိန်စံညွှန်းတို့ကို မသိကျိုးကျွန်ပြုလာကြသလို၊ မသိမသာရော သိသိသာသာရော ချိုးဖောက်မှုများရှိလာကြရာ အဆောက်အအုံတို့၏ အရည်အသွေးရော ရှိသင့်သည့် စံချိန်စံညွှန်းများပါ အမှောင်ထုထဲ ရောက်နေခဲ့ရသည်။ ဤသို့ဖြင့် မရိုးသားသော လုပ်ငန်းရှင်များနှင့် လာဘ်လာဘ မကင်းသော တာဝန်ရှိသူတို့ ချမ်းသာကြွယ်ဝမှုများ အဆမတန်များပြားလာသည်နှင့်အမျှ ပြည်သူ့ဘဏ္ဍာဖြင့် ဆောက်လုပ်သော အဆောက်အအုံတို့၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများမှာ ယိုယွင်းဆိုးရွားလာခဲ့ပါသည်။

ယခုအခါ မည်သည့်နေရာတွင်မဆို ပြည်သူလူထုအကျိုးကို ဦးတည်ရမည်ဟူသည့် ပြည်သူ့အစိုးရ၏ မူဝါဒအရ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ –၂၀၂၀ ဟူ၍ သတ်မှတ်ပြဋ္ဌာန်းကာ မဖြစ်မနေ လိုက်နာကြရန် ညွှန်ကြားချက် ထွက်ပေါ်လာပြီဖြစ်ပါသည်။ ပြီးပြည့်စုံသည့် စံချိန်စံညွှန်းများဖြစ်ရေးအတွက် ပိုမိုပြည့်စုံထိရောက်သည်တို့ကို ဆက်လက်ဖြည့်စွက်ဦးမည်ဟု နားလည်ရပါသည်။

ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တိတိကျကျလိုက်နာဆောင်ရွက်ကြခြင်းဖြင့် အများပြည်သူအကျိုးကို ရှေးရှုဆောင်ရွက်နိုင်ကြပါစေသတည်း။ ။

## တန်းတူညီမျှ အခွင့်အရေးရ ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ၊ တန်းတူညီမျှ တာဝန်ယူကြ လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၂၅**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

## ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အမေး ၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၂၆ ရက် ညနေတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပညာရှင်များဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါ နှိမ်နင်းရေး) ဒေါက်တာသန္တာလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှနှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပထမအကြိမ် မြန်မာကင်းထောက်ဆရာဖြစ်သင်တန်း ဖွင့်လှစ်နိုင်ရန် ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ ကင်းထောက် အကြီးအကဲ၏ ဦးဆောင် လမ်းညွှန်မှုကို အကောင်အထည်ဖော်ရန် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ပထမဦးဆုံးအကြိမ် မြန်မာကင်းထောက်ဆရာဖြစ် သင်တန်း (Woodbadge) ဖွင့်လှစ်နိုင်ရန် အွန်လိုင်းဖြင့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ သင်တန်းတာဝန်ခံ ဟောင်ကောင်ကင်းထောက်အဖွဲ့မှ Mr Wilson Lai နှင့် နိုင်ငံတကာမှ ကင်းထောက်သင်တန်း နည်းပြဆရာများ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် ကင်းထောက်မှူးချုပ်များ၊ ကင်းထောက်ကြီးများက သင်တန်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားမှု အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ **(အောက်ပုံ)**



### အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချရန်

ယင်းသင်တန်းကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာရှပစိဖိတ်ဒေသကင်းထောက် ထောက်ပံ့ရေးဌာနခွဲ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်အဖြစ် မြန်မာကင်းထောက်ဆရာဖြစ် သင်တန်း (Woodbadge) ကို ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာကင်းထောက် ကော်မတီ နိုင်ငံတကာမှ သင်တန်းနည်းပြဆရာများက ကမ္ဘာ့ကပ်ရောဂါအခြေအနေကြောင့် အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချပေးရန် စီစဉ်ခြင်းဖြစ်ပြီး နေပြည်တော်တွင် အာရှပစိဖိတ်ဒေသ ကင်းထောက်ကော်မတီမှ အခြေခံကင်းထောက်ခေါင်းဆောင်သင်တန်း (Basic Unit Leaders Traing) တက်ရောက်အောင်မြင်ခဲ့သည့် ကင်းထောက်ကြီးများ၊ ကင်းထောက် ဆရာ ဆရာမများ၊ ကျောင်း သား ကျောင်းသူ ၆၀ တို့အား ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၆ ရက်တွင် ပထမအသုတ်အဖြစ် လည်းကောင်း၊ တက္ကသိုလ်ကင်းထောက် ခေါင်းဆောင်များအား မတ်လတွင် အွန်လိုင်းစနစ်ဖြင့် လည်းကောင်း သင်ကြားပို့ချပေးရန် စီစဉ်ထားကြောင်း သိရသည်။

**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့**

## အမုန်းစကားမပြောရ။



တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

# ပြည်သူသာလျှင် အဓိက

## ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့် ဒုတိယဌာနေကိုယ်စားလှယ် Ms. Yukiko Iriyama တို့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



### ရှင်းလင်းပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားတိုင်းဒေသကြီး/ ပြည်နယ်များထက် ဘဏ္ဍာငွေပိုမိုခွဲဝေချထားကာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေးနှင့် ကျန်းမာရေး ကောင်းမွန်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းအောင်မြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကိုလည်း နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ပြန်လည်နေရာချထားရေး၊ ရေရှည်ဘဝရပ်တည်နေထိုင်နိုင်ရေးတို့အတွက် မိမိတို့ဌာနနှင့် UNDP/UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးဆောင်ရွက်နေမှုနှင့် ယခု UNHCR ဌာနေကိုယ်စားလှယ်အနေဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသို့ သွားရောက်ခဲ့ရာမှ တွေ့မြင်သိရှိချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် UNHCR ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun က မိမိတို့အနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက ဘားအံဒေသနှင့် ရခိုင်ပြည်နယ်၊ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသများသို့ သွားရောက်ခဲ့မှု၊ မတူညီသည့်ဒေသနှစ်ခုသို့ သွားရောက်ခဲ့ရသည့်အတွက် ရရှိသည့်အတွေ့အကြုံ၊ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောတို့၌ ဒေသအာဏာပိုင်များ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများနှင့် တွေ့ဆုံခဲ့မှုနှင့် ဘူးသီးတောင်၊ မောင်တောဒေသရှိ ကျေးရွာ ၁၁ ရွာသို့ သွားရောက်ခွင့်ရရှိသည့်အတွက် မျက်မြင်တွေ့ရှိခဲ့ရမှု၊ ဒေသခံပြည်သူများ၏ စကားသံများနှင့် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေးအခြေအနေ၊ UNDP နှင့် UNHCR တို့ ဖော်ဆောင်နေသည့် အကျိုးသက်ရောက်မှုထိရောက်မြန်ဆန်သည့်စီမံကိန်း (Quick Impact Projects – QIPs) လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏ နဂိုမူလနေရာများ၌ ပြန်လည်နေရာချထားပေးနိုင်ရေးနှင့် MoU ပါ အချက်အလက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

### စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံကိန်းများချမှတ်ကာ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လုံခြုံမှုရှိရေးပင်ဖြစ်ကြောင်း၊ ဒေသလုံခြုံတည်ငြိမ်ပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နေရပ်စွန့်ခွာသွားသူများအနေဖြင့် ၎င်းတို့၏ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးနှင့် နဂိုမူလနေရာများတွင် အတတ်နိုင်ဆုံးနေရာချထားပေးနိုင်ရေး၊ လုံခြုံရေး ၊ ပညာရေး၊ ကျန်းမာရေး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန်မျှော်မှန်း၍ အတတ်နိုင်ဆုံး မူလနေရာနှင့် အနီးဆုံးနေရာများ၌ ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ရေးထိုးထားသည့် MoU နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ချက်ညီညီ စီမံဆောင်ရွက်နေသကဲ့သို့ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ရာ လုပ်ငန်းများ အောင်မြင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

## မြိုင်ကြီးငူ အထူးဒေသ (၂) ချမ်းသာမြိုင်ကျေးရွာတွင် ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကမ္ဘာ့ဘဏ် အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း) တွင် မြိုင်ကြီးငူအထူးဒေသ (၂) ချမ်းသာမြိုင်ကျေးရွာ ရွာတွင်းကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် ချမ်းသာမြိုင်ကျေးရွာ ရပ်ကွက်မှူး ဦးညွန့်အောင်နှင့် ချမ်းသာမြိုင်ကျေးရွာ လူထုဗဟိုပြုစီမံကိန်း အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဒေါ်နော်ဒါးမုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းကွန်ကရစ်လမ်း အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ၊ လမ်းနှင့် အရှည်ပေ ၇၆၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မရှိ လမ်းတို့ဖြစ်ပြီး လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၂၇၃၇၃၇၀၀၊ ကျေးရွာလူထု ထည့်ဝင်ငွေကျပ် ၂၃၅၅၀၀၀ တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်သူလူထုပူးပေါင်းအင်အားဖြင့် စီမံကိန်းမှ ပံ့ပိုးပေးသည့် လမ်းနှစ်လမ်းအပြင် ရပ်ရွာလူထုက တိုးချဲ့လမ်းအရှည်ပေ ၇၀၀၊ အကျယ်ပေ ၁၂ နှင့် ထု ၆ လက်မရှိသော ရွာတွင်းလမ်းကို တိုးချဲ့ဆောင်ရွက်နိုင်ကြောင်း သိရသည်။



အဆိုပါကွန်ကရစ်လမ်းကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြီးစီးသဖြင့် ချမ်းသာမြိုင်ကျေးရွာမှ အိမ်ထောင်စု ၁၈၆ စု၊ လူဦးရေ ၁၁၅၅ ဦးတို့အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

အဆိုပါ the Hanger ဈေးရုံကြီးတွင် ၁၀ ပေပတ်လည် စားသောက်ဆိုင်ခန်း ၁၂ ခန်း၊ ၆ ပေခွဲပတ်လည် ဈေးဆိုင်ခန်း ၃၂ ခန်း ထည့်သွင်းတည်ဆောက်ထားသည်။ စားသောက်ဆိုင်ခန်းများတွင် မြန်မာ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်၊ ဥရောပ အစားအစာများ ရောင်းချပေးလျက်ရှိပြီး ဈေးဆိုင်ခန်းများတွင် အသား၊ ငါး အစုံအလင်သာမက ကုန်စိမ်း၊ ကုန်ခြောက်၊ သစ်သီး၊ ဖက်ရှင်၊ ဖုန်းအပိုပစ္စည်းအရောင်းဆိုင်၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

စားသောက်ဆိုင်ခန်းများကို လက်ရှိတွင် ကိုဗစ်ကာလ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပါဆယ်စနစ်ဖြင့်သာ ရောင်းချလျက်ရှိပြီး ပုံမှန်အခြေအနေဖြင့် ရောင်းချခွင့် ပြန်လည်ရရှိပါက လူအယောက် ၂၀၀ ခန့် ဆိုင်ထိုင် စားသောက်နိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

မြို့ပြအင်္ဂါရပ်နှင့်အညီ စတားစီးတီးတွင် နေထိုင်သူများ အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေး အဓိကရည်ရွယ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက်တွင် စမ်းသပ်ဖွင့်လှစ်ခဲ့ကာ ဇန်နဝါရီ ၂၃ ရက်တွင် ဈေးသစ်ဖွင့်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ – လင်းညွန့်**

❒ *ရှေ့ဖုံးမှ*

"မယ်ထောက်နွန်း သဘာဝလိုဏ်ဂူဟာ လှိုင်ကော်ကနေလာမယ်ဆိုရင် ဖားဆောင်းကို တစ်နာရီခွဲ နှစ်နာရီလောက် လာရမယ်။ ဖားဆောင်းမရောက်ခင် ပါပု – နန်းကစ် လမ်းခွဲကနေ ဝင်လာမယ်ဆိုရင် လေးမိုင်ခန့်အကွာအဝေးမှာ ရှိပါတယ်။ ဒီမယ်ထောက်နွန်း သဘာဝလိုဏ်ဂူဟာ တကယ့်ကို သဘာဝအလှအပတွေ မပျက်စီးသေးဘဲနဲ့ တည်ရှိနေပြီးတော့ ပြည်တွင်းပြည်ပခရီးသွားတွေအတွက် ခရီးစဉ်ဒေသတစ်ခုဖြစ်လာမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လာရောက်ကွင်းဆင်းခြင်းဖြစ်ပါတယ်။ ဖားဆောင်းမြို့နယ်မှာရှိတဲ့ မြို့နယ်သံဃနာယကဆရာတော်ကြီး ဦးစီးပြီးတော့ လမ်းပြုပြင်ရေးတွေ ဆောင်ရွက်နေတာရှိပါတယ်။ ပြည်သူလူထုပူးပေါင်းပါဝင်ပြီးတော့ ဂူအတွင်းပိုင်းလမ်းတွေ၊ လျှပ်စစ်မီးတွေ သွယ်တန်းလို့ရအောင် အများပြည်သူ လှူဒါန်းထားတဲ့ လှူဒါန်းမှုနဲ့ဆောင်ရွက်နေတာ တွေ့ရတယ်။ ကျွန်တော်တို့ ဒီမယ်ထောက်နွန်း သဘာဝလိုဏ်ဂူကို ဝင်ရောက်ကြည့်ရှုတဲ့ အနေအထားကတော့ ဂူထိပ်ကနေအဆုံးထိကို ပေ ၆၀၀ နီးပါးလောက် ရှိပါတယ်။ အကျယ်အဝန်းက အနည်းဆုံးအကျယ် ပေ ၆၀ ကနေ ပေ ၁၀၀ ကြားရှိပြီး လူသက်သောင့်သက်သာ သွားနိုင်တဲ့ အနေအထားလည်းရှိတယ်။ လျှပ်စစ်မီးလည်း ထွန်းထားပြီးသားဖြစ်တဲ့အတွက် သွားရလာရလည်း လွယ်ကူပါတယ်။ သဘာဝအလှတွေ လုံးဝမပျက်စီးသေးဘဲနဲ့ သဘာဝကျောက်စက်ပန်းဆွဲတွေရှိတဲ့၊ သဘာဝကျောက်စက်ရေတွေ ကျနေတဲ့နေရာတွေလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် မယ်ထောက်နွန်း သဘာဝလိုဏ်ဂူဟာ တကယ့်ကို သဘာဝမပျက်စီးဘဲနဲ့ ရှိနေတဲ့လိုဏ်ဂူတစ်ခုလို့ ယုံကြည်ပါတယ်။ ပြည်တွင်းပြည်ပခရီးသွားများလည်း နှစ်ခြိုက်မယ်လို့ ယုံကြည်ပါတယ်။ ဒီမှာ တစ်ခုလုပ်စရာရှိတာကတော့ ပါပု–နန်းကစ်ကနေဝင်လာတဲ့ လေးမိုင်လောက်မြေသားလမ်းပဲ ရှိသေးတဲ့ခါကျတော့ ဒါလေးကို လမ်းခင်းဖို့ကျန်မယ်။ ပြီးလို့ရှိရင် ဒီထဲမှာလည်း ဆရာတော်တို့ အစီအစဉ်နဲ့ လျှပ်စစ်မီးသွယ်တန်းထားပေမယ့် နောက်ပိုင်းဆို ကျွန်တော်တို့ လျှပ်စစ်မီးရရှိလိမ့်မယ်လို့ မျှော်လင့် ပါတယ်။ ဘာကြောင့်လဲဆိုရင် ခရီးသွားလုပ်ငန်းလုပ်ခြင်းအားဖြင့် နောက်ပိုင်း အကျိုးကျေးဇူးကတော့ ဒီပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာလူထုတွေရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်" ဟု ဦးလင်းဇော်ထွဋ်က ပြောသည်။

ဖားဆောင်းမြို့နယ်တွင် သဘာဝလိုဏ်ဂူတစ်ခု တွေ့ရှိသည့်အတွက် သဘာဝအခြေခံ ခရီးသွားလုပ်နိုင်သည့် Eco– Tourism နေရာတစ်ခုလည်း ရမည်ဖြစ်ပြီး လိုဏ်ဂူမှဆက်ဆင်းသွားမည်ဆိုလျှင် ရွာသစ်တွင်ရှိသည့် နှစ် ၁၀၀ ကျော် သက်တမ်းရှိ ဘုန်းကြီးကျောင်းရှိသည်။ ဘုန်းကြီးကျောင်း၌ အထူးခြားဆုံးမှာ ရှေးဟောင်းဆင်စွယ်ကြီး နှစ်ချောင်းရှိသည့်အတွက် ဆင်စွယ်ကျောင်းဟု ခေါ်ကြသည်။ ထို့အပြင် ဘုရားဆင်းတုတော်များ ထုဆစ်ထားသည်ကို အံ့မခန်းတွေ့ရမည်ဖြစ်ပြီး ဝိုဟာရေတံခွန်နှင့် သံလွင်မြစ်ကမ်းအလှများကို သွားရောက်လေ့လာနိုင်မည်ဖြစ်သည်။

**ကိုစိုင်း (လှိုင်ကော်)**

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပထမလေးလပတ်လုပ်ငန်း ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ပထမအကြိမ်) လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန သီရိရတနာခန်းမ၌ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ Virtual Online ဖြင့်ကျင်းပသည်။ **(ယာပုံ)**

### အစီအစဉ်များ ရေးဆွဲ

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မိမိတို့ ဝန်ကြီးဌာန၏ ရေရှည်မျှော်မှန်းချက်ဖြစ်သည့် "နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များ၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လက်ရှိနှင့် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်သွားရန်" ဆိုသည့်အတိုင်း နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များအား သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် ထုတ်ယူသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ခေတ်နှင့်အညီဖြစ်စေရေး ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောသယံဇာတများ၊ တောရိုင်းတိရစ္ဆာန်များနှင့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ် စီမံကိန်းနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း ၁၀ နှစ်လုပ်ငန်း အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

### ကူညီဆောင်ရွက်ပေး

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတအခြေအနေ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသည် သစ်တောဖုံးလွှမ်းမှုရှိသည့် ဧရိယာများအဖြစ် တိုင်းတာတွက်ချက်ရရှိထားပါကြောင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ အစိုးရလက်ထက်တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို လျာထားချက်၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် ဧရိယာဧက ၅ သိန်း ၆ သောင်းကျော် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါကြောင်း၊ ရည်မှန်းချက်ပြည့်မီရေး တိုင်းဒေသကြီး/ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် မြန်မာ့ရွေးချယ်ခြင်းစနစ် (Myanmar Selection System-MSS) ကျင့်သုံးဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိရေးဆွဲပြဋ္ဌာန်းထားသည့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများအရ နှစ်စဉ်တောထွက် (Annual Allowable Cut-AAC)မှာ ကျွန်းပင် ၁၉၂၁၀ နှင့် သစ်မာ ပင် ၅၉၂၃၃၀ သတ်မှတ်ထားပါကြောင်း၊ ထုတ်လုပ်မှုအား AAC သတ်မှတ်ပမာဏထက် လျော့နည်းထုတ်လုပ်လျက်ရှိကြောင်း၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းများမှာ သဘာဝပတ်ဝန်းကျင်မထိခိုက်ဘဲ နိုင်ငံတော်ဝင်ငွေရရှိပြီး ဆင်များထိန်းသိမ်းစောင့်ရှောက်ရေးတွင် ပါဝင်စေသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်း (Green Economy) ဖြစ်သည့်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ဆင်စခန်း ၂၂ ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ် ၁၀၆၂၅ တန်၊ တရားခံ ၁၀၇၀ ဦး၊ ယာဉ်/ယန္တရား ၄၉၆စီး ဖမ်းဆီးရမိခဲ့ပါကြောင်း။

### ခွင့်ပြုမိန့်ထုတ်ပေး

ဝန်ကြီးဌာနမှ ဆောင်ရွက်သောအများပြည်သူနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ တိုက်တွန်းကြောင်း အဆိုများ၊ မေးမြန်းချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်အဆိုနှင့် မေးခွန်းများ စုစုပေါင်း ၄၄၃ ခု ဖြေကြားခဲ့ပါကြောင်း၊ သတ္တုကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိုလှောင်ခွင့်လိုင်စင်နှင့် သယ်ယူခွင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို အတည်ပြုထုတ်ပြန်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ အသေးစား၊ လက်လုပ်လက်စား သတ္တုတူးဖော်ရေးအတွက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အသေးစားနှင့် လက်လုပ်လက်စား သတ္တုတွင်းဥပဒေ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်များက ဥပဒေထွက်ရှိနိုင်ရေး တွန်းအားပေးဆောင်ရွက်စေလိုပါကြောင်း၊ အသစ်ပြဋ္ဌာန်းခဲ့သည့် မြန်မာ့သတ္တုတွင်းနည်းဥပဒေသစ်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများက စီမံခန့်ခွဲမည့် ဓာတ်သတ္တု အသေးစား၊ လက်လုပ်လက်စား နယ်မြေဧရိယာများ သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဆောင်ရွက်ခွင့်ရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ထပ်မံတင်ပြအဆိုပြုလာသည့် ဓာတ်သတ္တုလုပ်ကွက်များကိုလည်း စိစစ်ခွင့်ပြုပေးလျက် ရှိပါကြောင်း၊ ဓာတ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းများတွင် ပြည်တွင်းကုမ္ပဏီ ၃၈ ခု၊ ပြည်ပကုမ္ပဏီ ၁၃ ခုနှင့် ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### ဝိုင်းဝန်း ပူးပေါင်းကူညီ

ရတနာနယ်မြေအတွင်း တရားမဝင် ကျောက်ရှာဖွေသူများနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန်နှင့် ကျောက်စိမ်းရိုင်းများ ဖမ်းဆီးရမိမှုကို ဝန်ကြီးဌာနမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုများအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများကလည်း ညှိနှိုင်းဆောင်ရွက်ပေးစေ လိုပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်စေရေးအတွက် နိုင်ငံပိုင်ပုလဲကျွန်းစခန်းနှင့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုလဲမွေးမြူသည့် ကျွန်းစခန်း လေးခုသို့ ခရီးသွားဧည့်သည်များ ဝင်ရောက်လေ့လာခွင့်ပြုခဲ့ပါကြောင်း၊ သစ်တောနှင့် ဓာတ်သတ္တုသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို သဟဇာတဖြစ်အောင်ထိန်းညှိ ဆောင်ရွက်ရာတွင် အဆိုပါလုပ်ငန်းများသည် ကဏ္ဍစုံဆက်စပ်နေပြီး အလွန်ကျယ်ပြန့်သည့်အလျောက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဝိုင်းဝန်းပူးပေါင်းကူညီ ထိန်းသိမ်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရာဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက Virtual Online ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




---

## ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**ကြေညာချက်အမှတ် ( ၁ / ၂၀၂၁ )**
**၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

**ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူခြင်း**

၁။ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့သည့် နိုင်ငံသားပိုင်ကုမ္ပဏီ (၁၂) ခုတို့အနက် (၁၁) ခုအား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။ ယင်းကုမ္ပဏီများအနက် ကုမ္ပဏီတစ်ခုသည် အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်း နှစ်မျိုးလုံး လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် လိုအပ်သည့် စံသတ်မှတ်ချက်များအား ပြည့်ဝစွာ ဆောင်ရွက်နိုင်မှု မရှိ၍ လိုင်စင်ခွင့်ပြုခြင်း မရှိခဲ့ပါ။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် ကျန်ရှိသည့် နိုင်ငံသားပိုင် အသက်အာမခံကုမ္ပဏီ (၁) ခုနှင့် နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီ (၁) ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည် ဖြစ်ပါသည်။

၃။ သို့ပါ၍ စိတ်ဝင်စားမှုရှိသည့် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ပုံစံကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Web-page www.frd.gov.mm တွင် Download ရယူ၍ (၂၆-၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထားပြီး အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရုံး (၃၄) သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

---

*❍ ကျောဖုံးမှ*

ဆက်လက်၍ ဦးပြည့်ဖြိုးပိုင်က "ကျွန်တော် ပန်ဝါရောက်တာ လေးနှစ်ရှိပြီ၊ ဒါပထမဆုံးအကြိမ် ရောက်တာပါ၊ တစ်နာရီနီးပါး ကားမောင်းရတယ်၊ ပြီးမှ ၁၀ မိနစ်လောက် လမ်းလျှောက်ရတယ်ဆိုပေမယ့် ရေခဲတွေ၊ နှင်းတွေအပေါ် မောင်းရလျှောက်ရတော့ တော်တော်ပျော်စရာကောင်းပါတယ်" ဟု ပြောသည်။

ပန်ဝါမြို့သည် နှစ်စဉ်နှစ်တိုင်း ဆောင်းတွင်းကာလများတွင် နှင်းမိုးများ ရွာသဖြင့် ရေခဲနှင်းများ ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

**ရဲညွှန့်(ပြန်/ဆက်)**

*✤ ကျောဖုံးမှ*

အဆိုပါ ဂျပန်- မြန်မာ ချစ်ကြည်ရင်းနှီးမှုအဖြစ် ကျင်းပသော နှစ်နိုင်ငံယဉ်ကျေးမှုပွဲတော်ကြီးတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေအဖြစ် Charity Program ကို ထည့်သွင်းထားကာ ယင်း Program မှ နှစ်နိုင်ငံ ပါဝင်သီဆိုမည့် အနုပညာရှင်များက တိုက်ရိုက်နှီးဆော်သွားမည်ဖြစ်၍ ပရိသတ်များကလည်း ပါဝင်လှူဒါန်းသွားနိုင်မည်ဖြစ်သည်။

ဂျပန် - မြန်မာ ယဉ်ကျေးမှုပွဲတော်ကြီးကို ယခုနှစ်တွင် ရန်ကုန်မြို့၌ (၇)ကြိမ်မြောက် ကျင်းပမည်ဖြစ်ကာ နှစ်နိုင်ငံမှ ပါဝင်သီဆိုကြမည့် အနုပညာရှင်များမှာ Hirahara Ayaka၊ Morisaki Win၊ စိုင်းစိုင်းခမ်းလှိုင်၊ နီနီခင်ဇော်၊ X – Boxin နှင့် မေလသံစဉ်တို့က ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ (၆)ကြိမ်မြောက် ဂျပန်-မြန်မာပွဲတော်ကြီးကို ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအီးဗင်းပတ်စ်၌ စည်းကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ရုပ်သံလိုင်းများမှ ပြည်တွင်း၊ ပြည်ပသို့ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရေး ရန်ပုံငွေများပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ Coronavirus Disease 2019 (COVID-19) ကာကွယ်ဆေး ဝယ်ယူရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ရန်ပုံငွေ ပေးအပ်လှူဒါန်းခြင်းအခမ်း အနားကို ဇန်နဝါ ရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရန်ပုံငွေပေးအပ်လှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့်နှင့် အလှူရှင်များ တက်ရောက်ကြသည်။




**ကာကွယ်ဆေးထိုးနိုင်ရန် မျှော်လင့်**

လှူဒါန်းပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာ နိုင်ငံတွင်ရှိသော ပြည်သူများအတွက် ယနေ့သည် အလွန်ဝမ်းသာစရာနေ့ တစ်နေ့ဖြစ်ပြီး ယခုလှူဒါန်းသော အလှူသည် အလွန်မွန်မြတ်သော အလှူဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကမ္ဘာ့ကပ်ဘေးကြီးနှင့် ရင်ဆိုင်နေရ သောအချိန်ကာလတွင် အားလုံးသည် ကာကွယ်ဆေးထိုးနိုင်ရန် မျှော်လင့်နေကြပြီး ကာကွယ်ဆေးထိုးနိုင်ရန် လှူဒါန်း ပေးပါသော အလှူရှင်များအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် အစ္စလာမ်ဘာသာဝင်များက ရန်ပုံ ငွေကျပ်သိန်း ၁၂၀၀၀၊ ဦးစိုင်းမျိုးဝင်း Excellent Fortune Development Group (EFD Group) က ငွေကျပ်သိန်း ၁၀၀၀၀၊ ဂမုန်းပွင့်မိသားစုက ငွေကျပ် ၁၁၁၁ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၃၆၃၁၇၀၀၀၀၊ Ever Investment မိသားစုက ငွေကျပ်သိန်း ၃၀၀၊ ဦးဝင်းစိုး – ဒေါ်စန်းသပြေထွန်း (Nadi Shwe War Company) က ငွေကျပ်သိန်း ၂၅၀၊ ဦးဇော်မြင့် – ဒေါ်မိုးသက်ခိုင် (Gammanit Zaya Car Sales Center) မိသားစုက ငွေကျပ်သိန်း ၁၅၀၊ အရှင် ရာဇိန္ဒ ရဝေနွယ်(အင်းမ)က ငွေကျပ် သိန်း ၁၂၀၊ ဦးဇင်မင်းဌေး – ဒေါ်ချို ချိုမာ မိသားစုက ငွေကျပ် ၁၁၁သိန်း၊ ဦးကျော်ဟိန်း – ဒေါ်မြတ်မြတ်အေး Hein Global မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးအုန်းခင် (ခ) ဦးအောင်ခင်အား ရည်စူး၍ ဒေါ်သန်းသန်းဝေမိသားစုက ငွေကျပ်သိန်း ၁၀၀၊ MM ရောင်နက် ဗလီအုပ်ချုပ်ရေးအဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးခင်မောင်ထွေး–ဒေါ်စန်းယုမော် မိသားစု(ဥက္ကဋ္ဌ၊ ရေနံ့သာခင်မောင် ထွေးဖောင်ဒေးရှင်း)က ငွေကျပ်သိန်း ၁၀၀၊ ဦးအုန်းထွန်း – ဒေါ်စိုးစိုးကြည် (မြကန်သာ “အုန်း ” မြန်မာ ထမင်းဆိုင်) မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးဖြိုးမောင်မောင်–မပို့ပို့ကြည် (Myanmar Imperial Universityi – MIU) မိသားစုက ငွေကျပ်သိန်း ၁၀၀၊ Ar Yu International Health Case Co.,ltd က ငွေကျပ်သိန်း ၁၀၀၊ လှိုင် မြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ လှိုင်စွန္နီ ဂျာမေဗလီစီမံအုပ်ချုပ်မှုကော်မတီက ငွေကျပ်သိန်း ၁၀၀၊ ဒေါက်တာဝင်း ထွန်း (အောင်ရတနာဆေးရုံ) က ငွေကျပ်သိန်း ၁၀၀၊ ကွယ်လွန်သူ အဘိုး၊ အဘွားများနှင့် ဖခင် ဒေါက်တာဦးကြည်ပေါ် – မိခင် ဒေါ်ခင်ဆွေတင့်၊ အဒေါ် ဒေါ်ခင်ဆွေ စစ်တို့အား ရည်စူး၍ သား ဒေါက်တာ မျိုးညွှန့် ပါရဂူဆေးရုံက ငွေကျပ်သိန်း ၁၀၀၊ ကိုကျားရင် (999 Tiger Motor) မိသားစုက ငွေကျပ် ၉၉၉၀၀၀၀၊ Mr, Suhall Auto Ranch FZE Co.,ltd က ငွေကျပ် ၅၄ သိန်း၊ ဦးမျိုးသန့် – ဒေါ်မြင့် မြင့်ရွှေမိသားစုက ငွေကျပ် ၅၁ သိန်း၊ ဦးစိန်မြင့် (Europe and Asia Commercial Co,ltd) မိသားစုက ငွေကျပ်သိန်း ၅၀၊ Concrete King Concrete Manufacturing Co.,Ltd မိသားစုက ငွေကျပ်သိန်း ၅၀၊ Baoba Bed Hospitality Group မိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးကျော်လွင်ဦး – ဒေါ်သီရိခင်မောင်ထွေး မိသားစု (MD Super Rich Man Company) က ငွေကျပ်သိန်း ၃၀၊ ဦးဇာနည်ခင်မောင် ထွေး–ဒေါ်ကြာညိုသင်းမိသားစု (MD Anron Enterpris Company) က ငွေကျပ်သိန်း ၂၀၊ ဦးလူမော်ခင် မောင်ထွေး (MD Water Guard Myanmar Company) က ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် ၂၆၀၁၅၀၇၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်း သိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **ဆန်းကျော်ဦး(မြန်/ဆက်)**

# ပုလောမြို့နယ်တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တာတမံများပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေပေးအပ်

**ပုလော ဇန်နဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အလှူငွေမှ စက်တင်ဘာလက ဖြစ်ပွားခဲ့သည့် NOUL မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော တာတမံ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပုလောမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းက နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံတောင်သူတို့၏ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ရရှိလာသော ရန်ပုံငွေများ သုံးစွဲရာတွင် သက်ဆိုင်ရာ ဌာနများနှင့် ပြည်သူများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

မြို့နယ်အတွင်းရှိ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်း၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော တာတမံများ ပြန်လည်ပြုပြင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ပံ့ပိုးသည့် လက္ကူးကျေးရွာအုပ်စုကို ငွေကျပ် ၃၃၈ ဒသမ ၆ သိန်း၊ ရုပ်ပုံကျေးရွာအုပ်စုကို ငွေကျပ် ၁၆၂ ဒသမ ၇ သိန်း၊ တောင်ယာကမ်းကျေးရွာအုပ်စုကို ငွေကျပ် ၂၈ ဒသမ ၅ သိန်း၊ ပလ အမှတ်(၄)ရပ်ကွက်ကို ငွေကျပ် ၅၆ ဒသမ ၁ သိန်း၊ ခန္တီကျေးရွာအုပ်စုကို ငွေကျပ် ၆၄ ဒသမ ၁ သိန်း၊ ပြင်ဘုကြီးကျေးရွာအုပ်စုကို ငွေကျပ် ၄ ဒသမ ၈ သိန်း၊ ကျောက်လုံးကြီး ကျေးရွာအုပ်စုကို ငွေကျပ် ၈ ဒသမ ၆ သိန်း၊ မလိကျေးရွာအုပ်စုကို ငွေကျပ် ၅ ဒသမ ၈သိန်း၊ ဇရပ်ဆိပ်ကျေးရွာအုပ်စုကို ငွေကျပ် ၁၂၆ ဒသမ ၈ သိန်း၊ လိပ်သောင်ကျေးရွာအုပ်စုကို ငွေကျပ် ၂ ဒသမ ၃ သိန်း၊ မကျည်းကုန်းကျေးရွာအုပ်စုကို ငွေကျပ် ၂၅ ဒသမ ၇ သိန်းကို တာဝန်ရှိသူများက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ယာပုံ)**

**အေးအေးမော်(မြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဥရုချောင်းကူးကြိုးတံတားအဆင့်မြှင့်တင် တည်ဆောက်မှုစတင်



**ဟုမ္မလင်း ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်း မြို့နယ် နောင်ပိုအောင် စံပြကျေးရွာ နှင့်သဖန်းကုန်းကျေးရွာတို့ ဆက်သွယ်မည့် ဥရုချောင်းကူးကြိုးတံတားကို ဇန်နဝါရီ ၂၂ ရက်က စတင်အဆင့်မြှင့်တင်တည်ဆောက်နေပြီ ဖြစ်ကြောင်း**(ဝဲပုံ)** တံတားတည်ဆောက်ရေးအဖွဲ့(၂) ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်သီဟထံမှ သိရသည်။

“ဇန်နဝါရီ ၂၂ ရက်က မြေသန့် မင်္ဂလာလုပ်ပြီး ဘိုးပိုင်တူးတာ စဆောင်ရွက်ပါတယ်။ ဥရုချောင်းမှာ ရှိတဲ့ လက်ရှိကြိုးတံတားက ခံနိုင်ဝန် လျော့လာတဲ့အတွက် ဒေသလိုအပ်ချက်အရ တန် ၆၀ ခံနိုင်တဲ့ တံတား အဖြစ် အဆင့်မြှင့်တင်တည်ဆောက်မှာ ဖြစ်ပါတယ်။ ချဉ်းကပ်တံတားတွေကို အရင်အဟောင်းကိုပဲ ပြန်အသုံးပြုသွားမှာ ဖြစ်ပါတယ်။ အဟောင်းက ခံနိုင်ဝန်အပြည့်ရှိပါသေးတယ်။ ချဉ်းကပ်တံတားအပိုင်းက နှစ်ဖက်ကွန်ကရစ်တံတားပါ။ ဝန်လျော့သွားတဲ့ ကြိုးတံတားအပိုင်းကိုပဲ ပြန်လည်ဖြုတ်သိမ်းပြီးတော့ သံပေါင်ပလိတ်ဂါဒါတွေနဲ့ အစားထိုးပြီး ကွန်ကရစ်တံတား အဖြစ် တည်ဆောက်မှာ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

ဥရုချောင်းကူးကြိုးတံတားအရှည် ပေ ၁၀၉၀ ရှိပြီး ပေ ၅၅၀ သည် ချဉ်းကပ်တံတားအပိုင်းဖြစ်ကာ ပေ ၅၄၀ ရှိသည့် ကြိုးတံတားကို ဖြုတ်သိမ်းပြီး အစားထိုးတည်ဆောက်မည်ဖြစ်သည်။

တံတားအကျယ် ၂၆ ပေ ရှိပြီး ပြည်ထောင်စုရန်ပုံငွေအနေဖြင့် ယခုနှစ်တွင် နှစ်ဘီလီယံရရှိကာ လာမည့်နှစ် ဘတ်ဂျက်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

“သက်ကယ်ကျင်း – ဖောင်းပြင် လမ်းကလည်း လမ်းတွေကောင်းလာပြီ။ လမ်းတွေကောင်းလာတာနဲ့ အမျှ ယာဉ်ကြီးတွေ သွားလာကြတယ်။ ယာဉ်ကြီးတွေ သွားလာကြတဲ့အပေါ်မှာ ဒေသလိုအပ်ချက်အရ ကြိုးတံတားပိုင်းကို အဆင့်မြှင့်တင်ပြီး တည်ဆောက်ပေးတာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**
**ဓာတ်ပုံ–အောင်သီဟ**

# ရှေးကတေးသံ မင်္ဂလာရှိလို့နေပြန်

## သိုက်ထွန်းသက်

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကိုယ့်ကိုယ်ကိုယ် မင်းတုပ်ချ စာရေးစာဖတ်အလုပ်လုပ်နေတဲ့ ကျွန်တော်ဟာ မြန်မာစံတော်ချိန် ည ၈ နာရီတိတိမှာတော့ တီဗွီရှေ့အမြဲရောက်ပါတယ်။ ည ၈ နာရီနောက်ပိုင်း သတင်းအပြီး မြန်မာ့ရုပ်သံက ထုတ်လွှင့်တဲ့အစီအစဉ်များဟာ ကျွန်တော်တို့ အဘိုးကြီးလေးများကို အိပ်ရာမဝင်မီ ကြည်နူးနှစ်သိမ့်မှု တစ်ခုခုပေးသွားမြဲဖြစ်လို့ တီဗွီရှေ့ထိုင်ဖြစ်အောင် ထိုင်လေ့ရှိပါတယ်။ ည ၈ နာရီမှာ အိမ်ရှင်မက အမ်အာရ်တီဗွီ အိပ်ချ်ဒီလိုင်းကို ပြောင်းပေးပြီး သူ့လက်ထဲနာရီအတော်ကြာကိုင်ထားတဲ့ တီဗွီရီမုဒ်ကို အသာချထားခဲ့ပါတယ်။ ပြီးတော့ ထိုင်နေတဲ့နေရာက ထသွားတယ်။ စိတ်လိုလက်ရရှိမှ ပြန်လာထိုင်တတ်ပြီး များသောအားဖြင့် ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်လေ့ရှိပါတယ်။ တစ်ခါတစ်ခါကျ မြန်မာ့ရုပ်ရှင်နှစ်တစ်ရာ၊ ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာ အစီအစဉ်တွေထဲ တစ်ယောက်တည်းမျောပါနေတဲ့ ကျွန်တော့်ကို အဖော်လုပ်တဲ့သဘောနဲ့ အနားမှာလာထိုင်တဲ့ ကျွန်တော့်အိမ်သူ မရွှေအေးပါ ဂီတရုပ်ရှင်ရေအလျဉ်ထဲ လိုက်ပါစီးမျောသွားပါတယ်။

ကိုဗစ်ကာလအတွင်းမှာ အဖြူအမည်း မြန်မာ့ရုပ်ရှင်ကားတွေ အတော်များများ ပြန်ကြည့်ဖြစ်သလို မြန်မာ့ရုပ်ရှင်တေးသီချင်း ၁၀၀ ကိုလည်း နှစ်ကျော့လောက် နားဆင်ဖြစ်ပါတယ်။ ရုပ်ရှင်ရာပြည့်ပြီးတော့ ရန်ကုန်တက္ကသိုလ်ရာပြည့်၊ တက္ကသိုလ်နောက်ခံရုပ်ရှင်တွေ ပြန်ကြည့်ရ၊ တက္ကသိုလ်သီချင်း ၁၀၀ ကို နားဆင်ရပြန်တယ်။ ဒီကြားထဲ ဆရာကြည်စိုးထွန်းက ရေဒီယိုခေတ်တစ်လျှောက် မြန်မာ့အသံက ထုတ်လွှင့်ခဲ့တဲ့ အသံလွှင့်ဇာတ်လမ်းတွေ၊ ဇာတ်လမ်းပမာ နားဆင်စရာတွေ၊ ကက်ဆက်တိပ်ခွေဇာတ်လမ်းတွေကို ပြန်လည်ဆန်းသစ်ပြနေပြန်တော့ ည ၉ နာရီလောက်ကစပြီး အတိတ်ရဲ့အရိပ်ထဲ တဝဲဝဲရယ်မှ တလည်လည် ဖြစ်ရပါတယ်။ ကျွန်တော် လူမှန်းသိတတ်စ အရွယ်ကတည်းက ဗမာ့အသံရေဒီယိုအစီအစဉ်တွေကို နားဆင်ခံစားကြီးပြင်းခဲ့ရတာမို့ အသက်အရွယ်ကြီးရင့်လာတာနဲ့အမျှ "ရေဒီယိုလွမ်းနာ" လေး ဖြစ်လာတယ်။ ရေဒီယိုလွမ်းနာ၊ တိတိကျကျပြောရရင် "ဗမာ့အသံ"/"မြန်မာ့အသံလွမ်းနာပေါ့"။ ဒါဟာ အနုပညာဆာလောင်မှုလို့လည်း ဆိုနိုင်တယ်။ အဲဒီအနုပညာက "အသံလွှင့်အနုပညာ" ဖြစ်ပါတယ်။ မြန်မာ့အသံ အသံလွှင့်ဌာနကနေ ထုတ်လွှင့်လိုက်တဲ့ လေလှိုင်းသံများကို ရေဒီယိုနဲ့ ဖမ်းယူနားဆင်ရတာ အရသာရှိလှပါတယ်။ တစ်နည်းအားဖြင့် "နားချမ်းသာစရာ" ကောင်းလှပါတယ်။ တစ်ခါ "နားချမ်းသာစရာကောင်းလှပါတယ်" ဆိုတဲ့စကားကိုပဲ ထပ်ပြီးအကျယ်ရှင်းပါရစေ။

### ကွဲပြားခြားနားကြ

ကျွန်တော်တို့ ဒီနေ့ ရုပ်သံမီဒီယာများက မြင်ရကြားရသမျှ အသံတိုင်းအရုပ်တိုင်းကို မိသားစုဝင်တိုင်း တစ်ယောက်မကျန် နှစ်သက်သဘောကျကြတာ မဟုတ်ပါဘူး။ အသက်အရွယ်အလိုက် သူ့အကြိုက် ကိုယ့် အကြိုက် သဘာဝကျစွာ ကွဲပြားခြားနားကြပါတယ်။ ဒါပေမယ့် ခြားနားမှုက သိသာလွန်းတယ်။ အရုပ်မမြင်ရဘဲ အသံပဲကြားရတဲ့နေရာမှာ ထိုင်နေမိရင်းက နားမခံသာလို့ ထပြေးရတဲ့သူတွေထဲမှာ ကျွန်တော်တို့အသက်အရွယ်တွေ အများဆုံးပဲမဟုတ်ပါလား။ ဒါဟာမျိုးဆက်ကွာဟမှုသက်သက်လို့ မယူဆနိုင်ပါဘူး။ ကျွန်တော်လူမှန်းသိတတ်စ အရွယ်ကနေ အိမ်ထောင်ရက်သားကျပြီး မိဘအိမ်ကနေ အိမ်ထောင်ခွဲထွက်ခဲ့တဲ့အချိန်အထိ ရေဒီယိုနားထောင်လာတဲ့ အတွေ့အကြုံအရပြောရရင် မြန်မာ့အသံကထုတ်လွှင့်ခဲ့တဲ့ ဘယ်အစီအစဉ်တွေကြောင့် အဘိုးတွေ အဘွားတွေ နားမခံသာဖြစ်ရတယ်ဆိုတာမျိုး မကြားဖူးပါဘူး။




Soundcloud မှ ဇာတ်လမ်းပမာ နားဆင်စရာ မြန်မာ့အသံရေဒီယိုအစီအစဉ် ထုတ်လွှင့်စဉ်။

အစီအစဉ်တစ်ခုချင်းကို သူတို့မကြိုက်တာရှိချင်ရှိမယ်၊ အာရုံစိုက်နားမထောင်ချင်တာရှိချင်ရှိမယ်၊ စိတ်အနှောင့်အယှက်ဖြစ်ရလို့ အမြန်ပိတ်ခိုင်းတာမျိုး မကြုံဖူးပါဘူး။ လွန်ရောကျွံရော အသံလေး နည်းနည်းလျှော့ပေးပါဦးလောက်ပဲ ပြောတတ်ကြပါတယ်။ ဒါက ဘာကြောင့်လဲ။ ဟိုတုန်းကသတိမပြုမိပေမယ့် အခုနေပြန်စဉ်းစားလိုက်တော့ အစီအစဉ်တိုင်းလိုလိုဟာ အနုပညာဓာတ်ပါနေလို့ပဲ ဖြစ်နိုင်တယ်လို့ ကောက်ချက်ချမိတယ်။ မနက် ၇ နာရီ ရေဒီယိုခလုတ်ဖွင့်လိုက်တာနဲ့ သာယာငြိမ့်ညောင်းလှတဲ့ ရေခင်းသံနဲ့အတူ "သောတရှင်များ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေရှင်" ဆိုတဲ့ နှုတ်ခွန်းဆက်သံလေး ကြားလိုက်ရတာကိုက အင်မတန် မင်္ဂလာရှိပြီး စိတ်နှလုံးချမ်းမြေ့သွားရပါတယ်။ ပြီးတော့ နံနက်ချိန်ခါတေးသံသာများ တစ်ပုဒ်ပြီးတစ်ပုဒ် တင်ဆက်သွားတယ်။

### စိတ်ရွှင်လန်းဆန်း ခွန်အားဖြစ်စေခဲ့

ဒီအချိန်ထုတ်လွှင့်တဲ့သီချင်းတွေဟာ တစ်ညတာအိပ်စက်ပြီးနိုးလာတဲ့ ပြည်သူအားလုံး စိတ်ရွှင်လန်းဆန်း ခွန်အားဖြစ်စေခဲ့ပါတယ်။ ကျက်သရေမင်္ဂလာလည်း ရှိလှပါတယ်။ ဘယ်လိုသီချင်းတွေလဲ ပြောပြပါဦးဆိုရင် မျက်စိမှိတ်စဉ်းစား ချရေးပြမယ်။ ကိုထွန်းရွှေရဲ့ ဘတို့ရွာ၊ ကြည်ကြည်ဝင်းရဲ့ မင်္ဂလာနေ့ပါရှင်၊ လှလှရီရဲ့မေတ္တာသံဝေ၊ သန်းသန်းဆင့်ရဲ့ တံ့လှယ်မေတ္တာ၊ မြကေသီရဲ့ဆွမ်းတော်ဖျို့လို မနက်ခင်းမှာ ပုံမှန်နားဆင်ရတာပေါ့။ ကိုယ်လက်လှုပ်ရှား အားကစားကို အားပေးတဲ့ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့လို သီချင်းတွေ၊ ရိုးရာအားကစားနဲ့ဆိုင်တဲ့ သီချင်းတွေလည်းပါပေသပေါ့။ ကျွန်တော်တို့အိမ်မှာ ရှောမရေဒီယိုကြီးနှစ်လုံးရှိပါတယ်။ အောက်ထပ်မှာတစ်လုံး၊ အပေါ်ထပ်မှာတစ်လုံး။ တစ်လုံးက ဟိုင်ဖိုင်၊ တစ်လုံးနာမည်ကတော့ မမှတ်မိဘူး။ အမေ့စကားအတိုင်း ပြန်ပြောရရင် စန္ဒရားခလုတ်ဖြူဖြူတွေလိုဟာပါတဲ့ ရေဒီယိုပေါ့။ အောက်မှာထားတဲ့ ရေဒီယိုက တာဝန်ထမ်းဆောင်ချိန် ပိုများပါတယ်။ အပေါ်ထပ်က ရေဒီယိုကတော့ ညစာစားပြီး အတော်ကြာတော့မှ အောက်ထပ်တံခါးတွေပိတ် မိသားစုအားလုံး အိမ်ပေါ်ရောက်ချိန်မှာဖွင့်တာမို့ သက်သာတယ်လို့ ဆိုရပါမယ်။ မနက်ပိုင်း ရေဒီယိုဖွင့်စလောက်မှာပဲ အဖေနဲ့ကျွန်တော်က ဂေါဝိန်ကမ်းနားဈေးမှာ ဖွင့်ထားတဲ့ အထည်ဆိုင်မှာ ဈေးကို အမီသွားရတယ်။ အဲဒီမှာ ဆိုင်ကူခင်းပြီးမှ ကျောင်းသွားရပါတယ်။ အမေက အိမ်မှာဗာဟီရကိစ္စများ လုပ်ကိုင်ပြီးမှ ဈေးလိုက်လာတာပါ။ မနက်ပိုင်းအစီအစဉ်ကတည်းက ဖွင့်ထားတဲ့ ရေဒီယိုကိုလည်း အမေကပိတ်မသွားပါဘူး။ မြန်မာ့အသံကလာသမျှ သီချင်းတွေရော သတင်းတွေရော ပြောင်းဖူးဖက်ဆေးလိပ်ကြီးသောက်ရင်း တစ်ယောက်တည်းဒိုင်ခံနားထောင်မယ့် သောတရှင်တစ်ယောက် ရှိတယ်လေ။

အဲဒီသောတရှင်က အသက် ၈၀ ကျော် ကျွန်တော်တို့အဘွားပါပဲ။ မြန်မာပိုင်းအစီအစဉ်ပြီးရင်တော့ ရေဒီယိုခလုတ်ကို အဘွားကိုယ်တိုင် ထပိတ်ပါတယ်။ ဒါမှမဟုတ် အဘွားထိုင်နေတဲ့ ကွပ်ပျစ်ကနေ လှမ်းမြင်ရတဲ့ တူမဖြစ်သူကို လှမ်းခေါ် ပိတ်ခိုင်းလေ့ရှိပါတယ်။ မွန်းလွဲပိုင်းအစီအစဉ်တွေကိုလည်း မနက်ပိုင်းတစ်ပိုင်း ဆိုင်ထိုင်ပြန်လာတဲ့ အမေက အဘွားနားထောင်ချင်ရင် ဖွင့်ပေးတတ်ပါတယ်။ များသောအားဖြင့် အဘွားဟာ ခပ်တိုးတိုးဖွင့်ထားတဲ့ ရေဒီယိုအသံလှိုင်းငြိမ့်ငြိမ့်အောက်မှာ မျက်ခွံတွေလေးပြီး အိပ်ပျော်သွားတတ်ပါတယ်။ ညနေပိုင်းအစီအစဉ်တွေကိုတော့ အဖေဈေးသိမ်းပြီး ပြန်ရောက်ချိန်မှ စဖွင့်ပါတယ်။ ရေဒီယိုဖွင့်ထားပြီး အဖေက ခြံထဲဆင်းတယ်။ သူစိုက်ပျိုးထားတဲ့ သီးပင်ပန်းပင်မျိုးစုံကို ရေလောင်းပေါင်းသင်လုပ်တာ မှောင်ရိပ်သန်းတဲ့အထိပါပဲ။ အဖေ့ကို ကူလုပ်ပေးနေရတဲ့ ကျွန်တော်ဟာ တနင်္လာနေ့မျိုးမှာတော့ အဖေ့နားကလစ်ထွက်ပြီး ရေဒီယို ပြေးကပ်လေ့ရှိပါတယ်။ ရေဒီယိုက ရုပ်ရှင်သီချင်းတွေ လာနေလေပြီ။ များသောအားဖြင့် ကြားနေကျ ရုပ်ရှင်သီချင်းတွေပဲ များပါတယ်။ ကိုမင်းနောင်ရဲ့ လုလင်ငယ်သွေး၊ တင်ဦးလေးရဲ့ လတန်ဆောင်တိုင်၊ စန္ဒရားချစ်ဆွေနဲ့ အေဝမ်း တင်တင်လှရဲ့ ပန်းတံတား၊ တွံတေးသိန်းတန်ရဲ့တစ်ကိုယ်ရေစစ်သား၊ ကိုချစ်မြိုင်ရဲ့တစ်နေဝင်သော်၊ မာမာအေးရဲ့ ချစ်သောမောင်စတဲ့ သီချင်းတွေပဲဖြစ်ပါတယ်။ ကျွန်တော့်အစ်မကတော့ မြန်မာ့အသံက လွှင့်သမျှသီချင်းတိုင်း သိ၊ သီချင်းတိုင်း ရနေတတ်တယ်။ သောတရှင်လိုရာ၊ စစ်မြေမှချစ်ဆွေသို့၊ အနှစ် ၂၀ တေး၊ ကာလပေါ်တေး၊ ခေတ်ဟောင်းတေး။ သူမို့ သိလည်းသိနိုင်တာ။ သောတရှင်၊ ချိုတေးသံစတဲ့ ဂီတမဂ္ဂဇင်းတွေလစဉ်ဝယ်တော့ ဘယ်နေ့မှာ ဘယ်ကာလပေါ် တူရိယာအဖွဲ့လာမယ်။ အဆိုတော်ဘယ်သူဘယ်သူပါမယ်လို့ ကြိုပြောတတ်တယ်။ သီချင်းကြိုက်တဲ့အစ်မကအဘွားအချစ်တော်ပါ။ ဒါပေမယ့် မမက အဘွားကြိုက်တဲ့ ဆရာလင်းရဲ့ကွက်စိပ်တို့၊ ရွှေမန်းတင်မောင်ရဲ့ဖွားတော်မူခန်း၊ လေးတော်တင်ခန်း၊ တောထွက်ခန်းစတဲ့ ဗုဒ္ဓဝင်ဇာတ်ထုပ်တို့၊ သီချင်းကြီးသရုပ်ဖော်တို့ကို လုံးဝမကြိုက်ဘူး။

### "သံကြားရုပ်ထင်" လို့တောင် ဆိုလိုက်ချင်

ကျွန်တော့်အဖေဟာ သူ့ယောက္ခမကြီး ကြိုက်တတ်တဲ့ အစီအစဉ်တွေကို လွတ်မသွားအောင် ဂရုတစိုက်ဖွင့်ပေးတတ်ပါတယ်။ သီချင်းကြီးသရုပ်ဖော်လာရင် ဒေါ်ဒေါ်ရေစစ (မြဝတီမင်းကြီးဦးစ) လာပြီလို့ အသိပေးတတ်တာကိုလည်း မှတ်မိပါသေးတယ်။ အဖေကိုယ်တိုင် စွဲစွဲမြဲမြဲနားထောင်လေ့ရှိတာက အဘဦးသန်းမြင့်ရဲ့ ကမ္ဘာ့ဂီတအစီအစဉ်ပါပဲ။ ပြီးတော့ ဆရာကြီးဦးဂုဏ်ဘဏ်ရဲ့ ဟောပြောချက်များ ဖြစ်ပါတယ်။ မြန်မာ့အသံ ဝန်ထမ်းအမျိုးသားတွေရော အမျိုးသမီးတွေပါ အသံအနုပညာနဲ့ ပတ်သက်ရင် တစ်ဖက်ကမ်းခတ်သူတွေချည်းဖြစ်ပါတယ်။ သတင်းတွေ၊ သတင်းစာခေါင်းကြီးပိုင်းတွေကို စာကြည့်ဖတ်တာပဲ ဖြစ်ဖြစ်၊ ပုံပြင်လက်ဆောင်မှာ ပုံပြောတာပဲဖြစ်ဖြစ်၊ ဘဝကြေးမုံဇာတ်လမ်းစုံတို့၊ ဇာတ်လမ်းပမာနားဆင်စရာတို့မှာ အသံနဲ့ သရုပ်ဆောင်တာပဲဖြစ်ဖြစ် သေသေသပ်သပ် လှလှပပရှိပါတယ်။ အသံအိုက်တင်တွေ နားနဲ့ခံစားရင်း မျက်စိနှစ်လုံးမှိတ်ထားရင် ကိုယ့်ဘေးမှာ သူတို့တကယ် ပြောဆိုလှုပ်ရှားနေသလို မြင်ယောင်ထင်ယောင်ခဲ့ရတာမို့ ရုပ်မြင်သံကြားဆိုတာကြီး မပေါ်မီက ကျွန်တော်တို့ပြည်သူတွေပိုင်ဆိုင်တဲ့ "သံကြားရုပ်ထင်" လို့တောင် ဆိုလိုက်ချင်ပါတယ်။ အဖေက စန္ဒရားအောင်ခင်နဲ့ ဦးဇော်ဝင်းကို အတော်သဘောကျတယ်။ သူတို့တစ်တွေ အဘိုးကြီးလုပ် စကားပြောတာ ပီပြင်လွန်းလို့ ကွမ်းသီးငုံပြီးများ ပြောသလားလို့ အမြဲရယ်စရာပြောပါတယ်။ ကျွန်တော်က ဟုတ်မယ်မထင်ပါဘူး အဖေရယ်လို့ပြောတော့ "ပြောမရဘူးကွ။ ဒီလူကြီးတွေက ပြောလို့ရတာမဟုတ်ဘူး။ မြန်မာ့အသံမှာ နိုင်ငံခြားကထုတ်လုပ်တဲ့ အသံမျိုးစုံဓာတ်ပြားတွေ ရှိလျက်သားနဲ့ ဓာတ်ပြားထဲက မိုးရွာသံမကြိုက်လို့တဲ့မောင်မြေပဲဆန်တွေ ဆန်ကောထဲ ထည့်လှိမ့်ပြီး မိုးရွာသံအတုလုပ်တယ်လို့ ငါဖတ်ဖူးတယ်"လို့ ပြန်ပြောတယ်။ မြန်မာ့အသံဦးဇော်ဝင်းအကြောင်း ဆရာမရွှေကူမေနှင်း ရေးသားထားတာလည်း မှတ်မိတယ်။ အသံနဲ့သရုပ်ဆောင်တဲ့အခါ ပျိုအောင်လည်းပြောတတ်တယ်၊ အဖေခန်း၊ အဘိုးကြီးခန်းလည်း သရုပ်ဆောင်ပိုင်တယ်၊ အသံကကြည်လည်းကြည်၊ မြည်လည်းမြည်တယ်၊ မြေကျလည်းသာတယ်၊ နားဝင်သာတယ်၊ နားစွဲတယ်လို့ ရေးဖူးတယ်။ ပြီးတော့ အသံမင်းသားကြီး ဗိုလ်ဗကိုက သူ့ရဲ့ဇနီး ဒေါ်ခင်ကြည်ကြည်ခေတ်ကစ မင်းသားလုပ်လာတာ ချစ်စံပယ်ခေတ်လည်း သူပဲမင်းသား၊ စမ်းစမ်းယဉ်လေး ခေတ်လည်း သူပဲမင်းသားမို့ လွန်တာပေါ့ပြောပြီး ပြုံးရတယ်လို့ ဆိုတယ်။ ရွှေရတုခေတ်ရုပ်ရှင်ကား နမူနာကားပိုင်းတွေမှာလည်း နောက်ခံစကားပြောဆိုရင် ဗိုလ်ဗကို ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် ဦးဇော်ဝင်းပါပဲ။ အဖေရောအမေပါ အတူနှစ်သက်ကြတာက ကိုမြသီးနဲ့မခင်မူတို့ရဲ့ သီရိဂေဟာ အစီအစဉ်ပါ။ ဒါပေမယ့် အဖေက ကိုမြသီးမဟုတ်သလို အမေက မခင်မူမဟုတ်လေတော့ အမြဲတမ်းတကျက်ကျက်နဲ့ပေါ့။ ဦးတဲ့သူက ပြောကြသေး၊ သီရိဂေဟာထဲက မခင်မူနဲ့ ကွာပါ့ကွာလို့ အဖေကဆိုရင် အမေကဘယ်ခံလိမ့်မလဲ၊ တော်ကကော ကိုမြသီး မို့လို့လားတဲ့။

ဒီနေရာမှာ မြန်မာ့အသံရဲ့ အသံဝိဇ္ဇာကြီးတွေ စာရင်းချရေးဖွင့်ဆိုပြရရင်ပဲ စာတစ်ပုဒ်ဖြစ်သွားပါလိမ့်မယ်။ မာတလိဦးကျော်ညိန်း၊ အဘဦးသန်းမြင့်၊ ဦးတင်ဦး၊ ဦးကျော်မင်း၊ ဦးကျော်ဦး၊ ဦးဝင်းကြည် (ကိုသစ္စာ)၊

စာမျက်နှာ ၇ သို့

"ဟိုတုန်းကသတိမပြုမိပေမယ့် အခုနေပြန်စဉ်းစားလိုက်တော့ အစီအစဉ်တိုင်းလိုလိုဟာ အနုပညာဓာတ်ပါနေလို့ပဲ ဖြစ်နိုင်တယ်လို့ ကောက်ချက်ချမိတယ်။ မနက် ၇ နာရီ ရေဒီယိုခလုတ်ဖွင့်လိုက်တာနဲ့ သာယာငြိမ့်ညောင်းလှတဲ့ ရေခင်းသံနဲ့အတူ "သောတရှင်များ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေရှင်" ဆိုတဲ့ နှုတ်ခွန်းဆက်သံလေး ကြားလိုက်ရတာကိုက အင်မတန် မင်္ဂလာရှိပြီး စိတ်နှလုံးချမ်းမြေ့သွားရပါတယ်"

# ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်(UPR) လုပ်ငန်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံ၏ UPR တတိယအကျော့ အစီရင်ခံစာသုံးသပ်မှု ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၅

**ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR) လုပ်ငန်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပလျက်ရှိပြီး ယနေ့တွင် မြန်မာနိုင်ငံ၏ တတိယအကြိမ် UPR အစီရင်ခံစာသုံးသပ်မှုပြုလုပ်ဆောင်ရွက်ကြသည်။**




အစီရင်ခံစာသုံးသပ်မှုသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်ဖြင့် လည်းကောင်း(ယာပုံ)၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမြင့်သူနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဂျီနီဗာမြို့မှ လည်းကောင်း ပါဝင်တက်ရောက်ကြသည်။

**အကောင်အထည်ဖော် ဆောင်ရွက်**

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်လျက်ရှိပြီး လူ့အခွင့်အရေး လေးစားလိုက်နာခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အခြေခံလူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့သည် စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်ရာတွင် အခြေခံလိုအပ်ချက်များ ဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားနေသည့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံညီလာခံကို (၄) ကြိမ်မြောက် ကျင်းပခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ထောင်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တည်ဆဲဥပဒေများကို ဒီမိုကရေစီစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်စေရေးအတွက် အစီရင်ခံသည့် (၅)နှစ်တာ ကာလအတွင်း စုစုပေါင်း ဥပဒေ(၁၈၅)ခုကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိကာလတွင် ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်တွန်းလှန်နိုင်ရေးအတွက် မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မထားရေး မူဝါဒအရ ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက်(COVID-19 Economic Relief Plan-CERP)ဖြင့် နိုင်ငံတစ်ဝန်း ဘဏ္ဍာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကုစားမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာများ ချမှတ်၍ လွတ်လပ်သောတရားစီရင်ရေး၊ ဥပဒေအသိပညာပြန့်ပွားရေး၊ တရားမျှတမှုကို အားလုံးလက်လှမ်းမီရေး၊ မှုခင်းစီမံခန့်ခွဲမှုစနစ်ဖြင့် တရားရုံးလုပ်ငန်းများ ထိရောက်မှန်ကန်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE) အစီရင်ခံစာအရ ကျူးလွန်သူများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့က ဦးဆောင်၍ စုံစမ်းစစ်ဆေးအရေးယူလျက်ရှိပါကြောင်း။

အမုန်းစကားနှင့် အကြမ်းဖက်မှု ဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးရေးအတွက် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်တစ်ရပ်ကို အများပြည်သူ သိရှိနိုင်စေရန် ထုတ်ပြန်ခဲ့ကြောင်း၊ အမုန်းတရားများ ကာကွယ်တားဆီးရေးဥပဒေကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာသော အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီစနစ် ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် အဘက်ဘက်က ပံ့ပိုးကူညီခဲ့ကြသော မိတ်ဆွေနိုင်ငံများနှင့် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာအပေါ် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၀၇ နိုင်ငံက ဆွေးနွေးမေးမြန်းအကြံပြုကြသည်။

**ငြိမ်းချမ်းရေးအစီအစဉ် ချမှတ်ခဲ့**

အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဒုတိယအဖွဲ့ခေါင်းဆောင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများကျင့်သုံးခြင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်ရေးကို ရှေးရှုသည့် စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အလေးထား ဆောင်ရွက်နေပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးအစီအစဉ်ကို ချမှတ်ခဲ့ပြီး စေ့စပ်ဆွေးနွေးမှုများမှတစ်ဆင့် ပဋိပက္ခများ ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ် တည်ဆောက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ IDP စခန်းများ ပိတ်သိမ်းရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံ သဘောတူညီချက်များဖြင့် နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်လက်ခံရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ဆွေးနွေးဖြေကြား**

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်က လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များသို့ ပါဝင်ရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က အမုန်းတရားများ ကာကွယ်တားဆီးရေး ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုနှင့် သတင်းလွတ်လပ်ခွင့်ကိစ္စများကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ်က စီးပွားရေးနှင့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများအတွက် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်း(Responsible Business)ကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပညာရေး၊ ကျန်းမာရေး၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာကိစ္စများကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူးချုပ် အောင်ငွေးမြင့်က အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှု၊ အကျဉ်းသားများကိစ္စ၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်စပ်လျဉ်းသည့်ကိစ္စများကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက IDP စခန်းများ ပိတ်သိမ်းရေး ဆောင်ရွက်နေမှု၊ ကျား/မတန်းတူညီမျှရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူများ အခွင့်အရေးကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးက တည်ဆဲဥပဒေများကို ခေတ်နှင့်အညီ ပြန်လည်သုံးသပ်ရေး၊ တရားစီရင်ရေးကဏ္ဍ ပြုပြင် ပြောင်းလဲရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးလှုပ်ရှားသူများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်နှင့် မြေယာပိုင်ဆိုင်မှု ကိစ္စရပ်များကို လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက အလုပ်သမားအခွင့်အရေး၊အတင်းအဓမ္မစေခိုင်းမှု ကာကွယ်တားဆီးရေး၊လူမှုဖူလုံရေးပံ့ပိုးမှုများနှင့် နိုင်ငံသားကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးဖြေကြားခဲ့ကြသည်။

သုံးသပ်မှုအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရှေ့နေချုပ်က ယခု သုံးသပ်မှုခံယူသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် အကြံပြု တိုက်တွန်းချက်များပေးခဲ့ကြသည့် နိုင်ငံများအား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ လူ့အခွင့်အရေးကို ဖော်ဆောင်ရာတွင် မတူကွဲပြားမှုနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးကို အထူးအလေးထားကာ မတူကွဲပြားခြားနားသည့် လူ့အသိုက်အဝန်းတွင် ပြည်သူများ ဟန်ချက်ညီစွာ ရပ်တည်နိုင်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးနေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ UPR လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ထောင်ရာ၌ လိုအပ်ချက်ဖြစ်သော လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာ တင်သွင်းခဲ့သည့်ကိစ္စနှင့်စပ်လျဉ်းသည့် UPR လုပ်ငန်းအဖွဲ့၏ ကနဦးအစီရင်ခံစာကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် အတည်ပြုမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံက အတည်ပြုလက်ခံခဲ့သော အကြံပြုချက်များ အကောင်အထည်ဖော်မှု အခြေအနေနှင့် လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများကို စတုတ္ထအကျော့ UPR အစီရင်ခံစာ(၂၀၂၅)ခုနှစ်တွင် တင်ပြရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ဦးအောင်မြင့် (ကိုမြသီး)၊ ဦးတင်မောင် (ကိုဖိုးအေး)၊ ပြီးတော့ ကျွန်တော်တို့ချစ်သော ဆရာမောင်အောင်မွန် (ဦးဝင်းအောင်) မကျန်ပေ့ါ။ ဒီလိုပဲ ဒေါ်မေရှင်၊ ဒေါ်ခင်ခင်ကြည်၊ ဒေါ်မူမူမြင့်၊ ဒေါ်သန်းနှစ်၊ ဒေါ်မြနှစ်၊ ဒေါ်မေလှမြိုင်၊ ဒေါ်တင်တင်မြ၊ ဒေါ်မာမာအေး၊ ဒေါ်သန်းမြ(မယ်ကျော့)၊ ဒေါ်ခင်သိန်းဆွေ၊ ဒေါ်သန်းချစ်(ချစ်စံပယ်)၊ ပြီးတော့ ကျွန်တော်တို့ ဆရာမ ရွှေကူမေနှင်း(ဒေါ်စံမေ)မကျန်ပေ့ါ။ သောတရှင်တစ်ယောက် မှတ်မိသမျှ ဒါထက်မက ရေးချနိုင်ပါသေးတယ်။ ရေးပြချင်ပါသေးတယ်။ မြန်မာ့အသံရဲ့ အမာခံပရိသတ် ကျွန်တော်တို့ မိသားစုအကြောင်းပဲ ပြန်ကောက်ရအောင်။ အဲဒါကတော့ ကျွန်တော်ရှစ်နှစ်ကိုးနှစ်သားလောက်က အကြောင်းပါပဲ။ ၁၉၆၀ ဝန်းကျင်ဖြစ်မှာပေ့ါ။ ကျွန်တော်တို့ အဘိုး အသည်းကင်ဆာနဲ့ ကွယ်လွန်သွားပါတယ်။ အဘိုးက မဆုံးခင် အတော်ဝေဒနာခံစားသွားရပါတယ်။ အဘိုး မကျန်းမာတော့ဘူးဆိုကတည်းက အိမ်မှာ ရေဒီယိုမဖွင့်တော့ပါဘူး။ ကျွန်တော်နဲ့ အစ်မဟာ အိမ်နောက်ဖေး ကားဂိုဒေါင်နားသွားပြီး ဂျပ်ဘူးခွံတစ်လုံးနဲ့ ရေဒီယိုဖွင့်တမ်း ကစားကြပါတယ်။ အဲဒီကာလက မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ အာရှမှာ မော်ကြွားနိုင်တဲ့ အခြေအနေ ဖြစ်ပါလိမ့်မယ်။

သမီးငယ်တို့ခေတ်မှာ တံခါးဖွင့်စီးပွားရေးနဲ့အတူ ရုပ်မြင်သံကြားကြော်ငြာတွေ ခေတ်စားလာခဲ့သလို ကျွန်တော်တို့ ကလေးဘဝကလည်း နိုင်ငံစီးပွားရေး တံခါးပိတ်ခါနီး မြန်မာ့အသံရေဒီယိုကြော်ငြာများက ကျွန်တော်တို့မောင်နှမ ပါးစပ်ဖျား ရောက်နေကြပြီလေ။ “ဒီနေ့ဘောပွဲနေ့ပါလား (ဘောလုံးကွင်းထဲက ပရိသတ်အသံတွေ၊ ဂိုးဝင်သွားလို့ အော်ဟစ်အားပေးသံတွေ) ပွဲတိုင်းကျော် သူကဗိုလ်စွဲနေပါပကော၊ ဒါနဲ့ သူက ဘယ်အသင်းကပါလိမ့်၊ ဘယ်အသင်းကမှန်းတော့ ငါမသိဘူး၊ သူအမြဲသုံးဆောင်တာက အိုဗာတင်းမှန်း ငါသိတယ်၊ အိုး ဟိုး ဒါကြောင့်ကိုး၊ အိုဗာတင်း သင့်အင်အားကိုတိုးပွားစေရန် အရသာရှိသော အိုဗာတင်း၊ အိုဗာတင်းကို သုံးဆောင်ပါ ဒန်တန်တန်။ ကားဂိုဒေါင်နားမှာ မောင်နှမနှစ်ယောက် ရေဒီယိုဖွင့်နေကြတာ၊ “ဈေးသွားရင်လည်း မောင်ဗမာမောင်ဗမာ (စက်ဘီးဘဲလ် ကလင် လင်) ကျောင်းသွားရင်လည်း မောင်ဗမာမောင်ဗမာ အဖိုးနှုန်းချိုသာ အမျိုးမျိုးသုံးတော့ လိုရာလိုရာ”ဆိုတဲ့ သီချင်းနဲ့ မောင်ဗမာ စက်ဘီးကြော်ငြာ။ ဟောဟော ဟောဟော လစ် ဆိုတဲ့ ဟောလစ်ကြော်ငြာ။ ပြည်မြို့နဝင်းမသိန်းတင် တကယ့်စေတနာရှင်ဆိုပြီး သံချပ်နဲ့ မသိန်းတင်ဆေးလိပ်ကြော်ငြာ။ ဟန်သာအေး နိုင်လွန်အင်္ကျီစကြော်ငြာ။ ရေဒီယိုအစစ် မဖွင့်ရလို့ ပါးစပ်နဲ့ဖွင့်နေကြရတာ။ ဒါကို အားမရတော့ အစ်မက ရေဒီယိုအငြိမ့်ခန်းဖွင့်ပြီး လူကိုယ်တိုင် ထ ကပါရောလား။ အဘိုးဆုံးသွားပြီးတဲ့နောက်လည်း ရေဒီယိုကို တော်တော်နဲ့ပြန်မဖွင့်ရသေးဘူး။ အမေက သူ့အဖေကို အောက်မေ့ပြီး တငိုတည်း ငိုနေခဲ့တာကိုး။ အဲဒီအကြောင်း သတိရတိုင်း မရွှေအေးကို မေးကြည့်မိတယ်။ “ဖွဟဲ့ ငါသေသွားရင်ကော မင်းတီဗွီမဖွင့်ဘဲ အကြာကြီးနေမှာလား” ဆိုတော့ “ဖြစ်မလားရှင့် ကြည့်လက်စဇာတ်လမ်းတွဲက တန်းလန်းကြီးနဲ့”တဲ့လေ။ သုံးလလောက်နေတော့ တိုင်းရေးပြည်ရေး အကြောင်း ပြုပြီး အဖေက ည ၈ နာရီသတင်းစဖွင့်တယ်။ အဲဒီအပတ်ထဲမှာပဲ တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲ စပါရောလား။ မန္တလေးတိုင်းနဲ့ ပဲခူး၊ တနင်္သာရီ၊ ရှမ်းတို့က အပြိုင်၊ ရန်ကုန်ဆိုတာ ပဲခူးတိုင်းထဲမှာ၊ ရန်ကုန်တိုင်းရယ် လို့ ဖြစ်မလာသေး။ ကျွန်တော်လည်း ရေဒီယိုနားက မခွာတော့။ မောင်ဖုန်းကွ၊ ညီပုကွ၊ သောင်းနိုင်ကွ အော်ရဟစ်ရအားပေးကြ။ အမေက သီချင်းသံတော့တိုးတိုးပဲ ဖွင့်ခိုင်းတယ်။ အဖေသီချင်းကြီးဖွင့်မယ်လုပ်တော့ “မဖွင့်ပါနဲ့ ကိုသိန်းတန်ရယ်”လို့ တောင်းပန်ပြန်တယ်။ သီချင်းကြီးသံကြားရရင် မျက်ရည်ကျရလွန်းလို့ပါတဲ့။ အမေ့ကြောင့် ကျွန်တော်တို့အိမ်မှာ သီချင်းတောင်ကျယ်ကျယ် မဖွင့်ရပေမယ့် အမေ့ညီမ ကျွန်တော်တို့အဒေါ်အိမ်ဘက်က ဖွင့်နေတဲ့ ရေဒီယိုသံကို ဒီဘက်ကအတိုင်းသားကြားရလို့ အဖေပြုံးတယ်၊ ကျွန်တော်သိအောင်လည်း မျက်စပစ်ပြတယ်။ အဲဒီဘက်မှာက ခတ်ဆီခတ်ဆံတို့ ဟဒယရှင်ဆေး တိုက်ကျွေးနေပေသကိုး။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၃ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မိချောင်းတွင်းကျေးရွာနေ အဲပု + မမိစွန်းတို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ်ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁-၂၀၂၂ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ မိချောင်းတွင်းကျေးရွာနေ အဲပု(ခ)မောင်ပု (၃၃)နှစ်၊ (ဘ)ဦးကြီးမောင်၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မမိစွန်း(၃၅)နှစ်၊ (ဘ)ဦးထွန်းဆောင်တို့ (၂) ဦးအား 88 စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ ထွန်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၂၂ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ကျောင်းကုန်း ကျေးရွာနေ ထွန်းနိုင်(၄၈)နှစ်၊ (ဘ) ဦးလှမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ)၅/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ ဒေါ်ဝင်းညိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁-၂၀၂၂ ရက်နေ့တွင် မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ ဒေါ်ဝင်းညို(၃၇)နှစ်၊ (ဘ) ဦးအောင်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မောက္ကတော်) မယ(ပ)၁/၂၀၂၂၊ မူး/ စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းခြံဝင်းအတွင်းနေ ၎င်း၏အစ်ကိုဖြစ်သူ မြင့်ချို(၄၁)နှစ်၊ (ဘ) ဦးအောင်သန်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မောက္ကတော်) မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းမြို့ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၇)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၈)ဦး၊ မ(၄)ဦး၊ ပေါင်း(၃၂)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြား အကြေမှုန့်များ၊ ICE များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၇-၁-၂၀၂၂ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ ဒွေးကိုကို(ခ)သားကြီး(၂၆)နှစ်၊ (ဘ) ဦးသန်းအေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း)မယ(ပ)၁၄/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာ သွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၀)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၅၂)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၁-၂၀၂၂ ရက်နေ့တွင် မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ် တံခွန်တိုင်သွားကားလမ်းမပေါ်၌ သံဖြူဇရပ်မြို့၊ ဖောင်စိန်ရပ်ကွက်နေ အာလူး(၁၈)နှစ်၊ (ဘ) ဦးရှိန် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ အလင်း (၂၂) နှစ်၊(ဘ)ဦးစိန်ဝင်းတို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ (ပ)၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဘဲအင်းကျေးရွာနေ ဂျာအေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁-၂၀၂၂ ရက်နေ့တွင် မာန်အောင်မြို့နယ်၊ ဘဲအင်းကျေးရွာနေ ဂျာအေး(ခ)စန်းလွင် (ခ)မောင်အေး(၄၂)နှစ်၊ (ဘ)ဦးမောင်ထီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြား အကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ဖော်ထုတ်ချက်အရ ၎င်းမြို့နယ်၊ နတ်ပြင်ကျေးရွာနေ ဆံရှည်(ခ) စံရွှေ (၃၆)နှစ်၊(ဘ)ဦးဖဲစံထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ဆံရှည်(ခ)စံရွှေ၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းတို့(၂)ဦးအား မမစ (မာန်အောင်) မယ(ပ)၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၂၃) ရပ်ကွက်နေ မမြင့်မြင့်ထွေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁-၂၀၂၂ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၃) ရပ်ကွက်နေ မမြင့်မြင့်ထွေး (ခ) မြင့်မြင့်ဌေး(၂၈)နှစ်၊ (ဘ) ဦးမြင့်ဟန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လှော်ကား)မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အမှတ်(၄၇) ရပ်ကွက်နေ ဝိုင်းချစ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁-၂၀၂၂ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၇) ရပ်ကွက်နေ ဝိုင်းချစ်(ခ)ထက်အောင်လင်း(၂၇) နှစ်၊ (ဘ)ဦးသန်းမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်)မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံ ရပ်ကွက်နေ ပြည့်ဖြိုးအောင်(ခ) ဝက်ကလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၂၂ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ပြည့်ဖြိုးအောင်(ခ)ဝက်ကလေး(၃၁)နှစ်၊ (ဘ) ဦးကြည်အေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ)၆/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဖြိုးဝေသူသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁-၂၀၂၂ ရက်နေ့တွင် ခရမ်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်နေ ဖြိုးဝေသူ (၃၄) နှစ်၊ (ဘ) ဦးနန်းဝေ(ခ) နန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဖခင်ဖြစ်သူ နန်းဝေ(ခ)နန်းဝင်း(၆၀) နှစ်၊ (ဘ) ဦးညွန့်၊ နန်းဝေ၏ အစ်မဖြစ်သူ ဒေါ်မြသန်း(၆၇)နှစ်၊ (ဘ) ဦးညွန့်နှင့် တူမဖြစ်သူ ဒေါ်တင်နီလာထွန်း(၄၅)နှစ်၊ (ဘ) ဦးလှိုင်ထွန်းတို့(၄) ဦးအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခရမ်း) မယ(ပ)၁/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ကိုလတ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁-၂၀၂၂ ရက်နေ့တွင် ရပ်စောက်မြို့ ဥတ္တံတားရပ်ကွက်နေ ကိုကိုလတ်(ခ) ကိုလတ်(၄၈)နှစ်၊ (ဘ)ဦးခင်မောင်ကြီး(ခ) မောင်ကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်)မယ(ပ)၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၃-၁-၂၀၂၂ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၅၂၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၉၃၆) ဦး၊ မ(၃၉၄)ဦး၊ ပေါင်း(၂၃၃၀)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၁၁၄၈.၅၈၁၄)ဂရမ်၊ ICE (၁၄၉၁.၆၂)ဂရမ်၊ ဘိန်း(၄၈၃၅၄.၆၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၁၈.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၉၃.၄၀) ဂရမ်၊ ဘိန်းစာရွက်(၅၅၈၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၇၁၀၂၀၅)ပြား၊ ဆေးခြောက် (၁၆၁၂၃.၁၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၄၀)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၃၀) လက်၊ ကျည်မျိုးစုံ (၆၉၈)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အားသိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရန် မြိတ်မြို့ ပြည်သူများက ငွေကျပ်သိန်း ၂၆၀၀ ခန့် လှူဒါန်း

**မြိတ် ဇန်နဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိပြည်သူလူထုက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန်အတွက် နိုင်ငံတော်သို့ မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အရပ်ဘက်ပူးပေါင်းကော်မတီမှတစ်ဆင့် အလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၂၆၀၀ ခန့် လှူဒါန်းထားရှိကြောင်း မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီမှ သိရသည်။

“ အလှူရှင်ပေါင်းက ၁၈၅ ဦးရှိသွားပါပြီ။ ဒီနေ့လှူတဲ့သိန်း ၁၀၀၀ မပါဘဲ အလှူငွေပေါင်း ၁၅၈၉ သိန်း ရပါပြီ။ ဒီနေ့ Myeik Corporation Public Co. Ltd နှင့် Bright Blue Water International Corporation Co. Ltd တို့ လှူတာသိန်း ၁၀၀၀ ဆိုရင် သိန်း ၂၀၀၀ ကျော်ပါပြီ။ နောက်ထပ်လှူမယ့် အလှူရှင်တွေရှိပါသေးတယ်။ ၂၉ ရက်နေ့ မွန်းတည့် ၁၂ နာရီဆိုလို့ရှိရင် ရရှိတဲ့အလှူငွေအကုန်လုံးကို စုပေါင်းပြီးတော့ နိုင်ငံတော်ကို လွှဲအပ်လှူဒါန်းဖို့ ပြင်ဆင်ထားပါတယ်”ဟု မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်ထွေးက ပြောသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရန်အတွက် မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အရပ်ဘက်ပူးပေါင်းကော်မတီမှတစ်ဆင့် နိုင်ငံတော်သို့ လှူဒါန်းရန်အတွက် Myeik Corporation Public Co.Ltd နှင့် Bright Blue Water International Corporation Co. Ltd တို့မှ အလှူငွေ ကျပ်သိန်း ၁၀၀၀ ကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ကုမ္ပဏီခန်းမတွင် လှူဒါန်းခဲ့သည်။

အလှူငွေလှူဒါန်းပွဲတွင် Myeik Corporation Public Co.Ltd ဥက္ကဋ္ဌ ဦးလှသန်းက ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန်အတွက် လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်သူလူထုများမှ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် လှူဒါန်းနေမှုအခြေအနေများကို စေတနာ့ဝန်ထမ်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းမင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို Myeik Corporation Public Co.Ltd ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့တို့က လှူဒါန်းခဲ့ကြရာ မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ ထို့နောက် မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# COVISHIELD ကာကွယ်ဆေး သဘာဝကလည်း ဘေးထွက်ဆိုးကျိုးအလွန်တရာ နည်းပါးတဲ့ဆေး ဖြစ်ပါတယ်၊ ဒီကာကွယ်ဆေးကတော့ အကျိုးပိုများပါတယ်၊ အပြစ်က နည်းနည်းလေးပဲရှိတယ်၊ ဒါကြောင့် အကျိုးများလို့ ထိုးရမှာဖြစ်ပါတယ်

ဒေါက်တာထွန်းမြင့်

**အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းခဲ့သည့် COVISHIELD ကိုဗစ်ကာကွယ်ဆေးများအား စနစ်တကျ သိုလှောင်ထားရှိမှု၊ နေရာအနှံ့ ကာကွယ်ဆေး ထိုးနှံနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကာကွယ်ဆေးများ ပို့ဆောင်ပေးနေမှု၊ ကိုဗစ်ကာကွယ်ဆေးထိုး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပေးကာ လေ့ကျင့်ပေးနေမှုနှင့် ကာကွယ်ဆေးနှင့် ပတ်သက်သည့် အကြောင်းအရာများအား ပြည်သူများ သိရှိနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။**

**မေး ။ ။ အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံကို လှူဒါန်းထားတဲ့ COVISHIELD ကိုဗစ်ကာကွယ်ဆေးတွေကို ဘယ်လိုစီမံဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံကို COVISHIELD ကိုဗစ်ကာကွယ်ဆေးကို လှူပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ အိန္ဒိယအစိုးရနဲ့ ပြည်သူတွေက မြန်မာနိုင်ငံကို လှူဒါန်းတဲ့ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေးက ဇန်နဝါရီ ၂၂ ရက်နေ့ မွန်းလွဲ ၂နာရီခွဲမှာ Air India လေကြောင်းလိုင်းနဲ့ ရန်ကုန်လေဆိပ်ကို ရောက်ရှိလာတာဖြစ်ပါတယ်။ ရောက်ရှိလာတဲ့ ပမာဏကတော့ ပထမဦးဆုံးအနေနဲ့ ထိုးဆေး တစ်သန်းခွဲ ရောက်ရှိလာတာဖြစ်တဲ့အတွက် လူဦးရေ ခုနစ်သိန်းခွဲစာ ရောက်ရှိလာတာ ဖြစ်ပါတယ်။

ကာကွယ်ဆေးတွေကို အအေးခန်းပါတဲ့ ယာဉ်နှစ်စီးနဲ့ ကျိုက်ဝိုင်းဘုရားလမ်းမှာရှိတဲ့ ဗဟိုကာကွယ်ဆေး သိုလှောင်ရုံကို ပို့ပါတယ်။ အဲဒီကိုပို့ပြီး စနစ်တကျ ထိန်းသိမ်းထားပါတယ်။ ၂ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ဟာ ပုံမှန်ကာကွယ်ဆေးထိုးရာမှာသုံးနေတဲ့ ကာကွယ်ဆေးတွေရဲ့ သိုလှောင်တဲ့အပူချိန်ပါပဲ။ ဒီအတွက် ကြီးကြီးမားမားတော့ ပြောင်းလဲပြီး ဆောင်ရွက်ရတာ မရှိပါဘူး။ လုံခြုံရေးကအစ အစစအရာရာ အထူးဂရုစိုက်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း တင်ပြပြီး လေဆိပ်ကနေ Central Cold Room ကို ရောက်တဲ့အထိ နောက်ပြီး Cold Room မှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အစီအစဉ်နဲ့ လုံခြုံရေး အပြည့်အဝယူပြီး ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ထားပါတယ်။ အပူချိန် Cold Chain မပြတ်ရေးအတွက် ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ကာကွယ်ဆေး ရောက်လာမယ်ဆိုကတည်းက ပြင်ဆင်ရတာ ရှိပါတယ်။ ကာကွယ်ဆေး မရောက်လာခင်ကတည်းက အအေးခန်းတွေကို စိစစ်ဆောင်ရွက်ထားပါတယ်။ အားလုံးအဆင်သင့် ဖြစ်နေတဲ့ အနေအထားမှာ ထားသိုတာဖြစ်ပါတယ်။ နောက်တစ်နေ့မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးကို ဖြန့်ဝေပါတယ်။ အခုဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးကို သွားနေကြပါပြီ။

**မေး ။ ။ ကာကွယ်ဆေးကို ဘယ်လိုအစီအစဉ်တွေ ချမှတ်ပြီး ထိုးနှံပေးသွားမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ဇန်နဝါရီ ၂၇ ရက်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေး စတင်ထိုးပေးနိုင်မယ့် အခြေအနေရှိပါတယ်။ ကာကွယ်ဆေးထိုးနှံပေးဖို့ ဦးစားပေး အုပ်စုတွေ သတ်မှတ်ထားတာရှိပါတယ်။ ကာကွယ်ဆေး ရရှိတဲ့အပေါ် မူတည်ပြီး ဦးစားပေးအဆင့်နဲ့ တဖြည်းဖြည်းချင်း ထိုးပေးသွားမယ့် အစီအစဉ် ရှိပါတယ်။ ကနဦးအနေနဲ့တော့ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ တိုက်ဖျက်ရေးမှာ ရှေ့တန်းကပါနေတဲ့ ကျန်းမာရေး ဝန်ထမ်းတွေကို ကနဦး ဆောင်ရွက်ပေးသွားဖို့ရှိပါတယ်။ နောက်ပြီး ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်တွေကို အစဉ်လိုက် ကာကွယ်ဆေးထိုးနှံသွားဖို့ ရှိပါတယ်။ ကာကွယ်ဆေး ထပ်မံရရှိလာမယ့်အပေါ် ဦးစားပေးလျာထားတဲ့ အုပ်စုတွေကို တဖြည်းဖြည်းချင်း ဆောင်ရွက်ပေးသွားပြီး တစ်နိုင်ငံလုံးကို အမြန်ဆုံး လွှမ်းခြုံနိုင်အောင် နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနတို့ကလည်း ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

နောက်ပြီး ကိုဗစ်ကာကွယ်ရေးလုပ်နေတဲ့ Quarantine ကုသရေးဆေးရုံတွေ၊ ကုသရေးစင်တာတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ စေတနာ့ဝန်ထမ်းတွေကိုလည်း ဦးစားပေး အစဉ်လိုက် ထိုးနှံပေးသွားဖို့ ရှိပါတယ်။ ပြီးရင်တော့ နိုင်ငံ့ဝန်ထမ်းတွေ စသဖြင့် အစဉ်လိုက် ထိုးနှံသွားဖို့ ရှိပါတယ်။ ကာကွယ်ဆေးရရှိတဲ့အပေါ် မူတည်ပြီး တဖြည်းဖြည်းချင်း တိုးချဲ့ပြီး အားလုံးလွှမ်းခြုံအောင် ထိုးနှံသွားဖို့ရှိတယ်။

**မေး ။ ။ COVISHIELD ကိုဗစ် ကာကွယ်ဆေးက ဘယ်လိုအခြေအနေမျိုးမှာ မထိုးသင့်ဘူးလဲ ဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ကာကွယ်ဆေးမှာပါဝင်တဲ့ ပစ္စည်းတွေ ရှိပါတယ်။ ဒါတွေနဲ့ ဓာတ်မတည့်ဘူးဆိုရင် မထိုးရပါဘူး။ ဒီမှာဆိုရင် L-Histidine ၊ L-Histidine hydrochloride monohydrate၊ Magnesium chloride hexahydrate၊ Polysorbate 80၊ Ethanol၊ Sucrose၊ Sodium chloride၊ Disodium edentate dehydrate (EDTA)၊ Water for Injection ဒါတွေနဲ့ မတည့်တဲ့ သူတွေအနေနဲ့ ကာကွယ်ဆေး လုံးဝမထိုးရပါဘူး။ နောက်တစ်ခုက ပထမအကြိမ် ကာကွယ်ဆေးထိုးတုန်းက ဓာတ်မတည့်တာဖြစ်တယ်ဆိုရင် ဒုတိယအကြိမ် ကာကွယ်ဆေး မထိုးသင့်ပါဘူး။

နောက်တစ်ခါ သတိထားပြီး ကာကွယ်ဆေးထိုးရမယ့် အုပ်စုဆိုတာရှိပါတယ်။ အဲဒီသူတွေကတော့ HIV ပိုး ကူးစက်ခံရတဲ့သူတွေ၊ ကင်ဆာရောဂါဝေဒနာရှင်တွေ၊ ကိုယ်ခံအားစနစ်ကို ထိန်းချုပ်တဲ့ဆေးဝါး ဒါမှမဟုတ် ကိုယ်ခံအားစနစ်ကို ထိန်းချုပ်တဲ့ဆေးဝါးနဲ့ ရောဂါကုထုံး တစ်ခုခုကို ကုသမှုခံယူနေတဲ့သူတွေဖြစ်ပါတယ်။ ဒီလူတွေကတော့ ကာကွယ်ဆေးထိုးပြီးရင် ကိုယ့်ရဲ့ကိုယ်ခံအားကလည်း တုံ့ပြန်မှုအားနည်းနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒီလိုလူတွေကတော့ သတိထားပြီး ထိုးရမှာဖြစ်ပါတယ်။ နောက်တစ်ခုက သွေးမတိတ်တဲ့ရောဂါ၊ သွေးကျဲဆေး သောက်သုံးနေရတဲ့သူတွေ အဲဒီလူတွေ ကာကွယ်ဆေး ထိုးလိုက်တဲ့အခါကျရင် ကာကွယ်ဆေးထိုးတဲ့နေရာမှာ သူတို့တွေ ဘာဖြစ်နိုင်လဲဆိုတော့ သွေးထွက်နေတာတို့၊ သွေးခြည်ဥတာတို့ ဖြစ်နိုင်ပါတယ်။ အဲဒီလိုလူမျိုးတွေဆိုရင် သတိထားပြီး ထိုးပေးရမယ့်သူစာရင်းထဲကို ထည့်ရမှာဖြစ်ပါတယ်။ COVISHIELD က သတိထားထိုးပေးဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ကိုဗစ်ကာကွယ်ဆေးတွေ ပြည်တွင်းကို တရားမဝင် လမ်းကြောင်းကနေ ဝင်ရောက်လာနိုင်တဲ့အတွက် ဒီလိုဝင်ရောက်လာမယ့် ဆေးဝါးတွေအပေါ် ပြည်သူတွေကို အသိပေးချင်တာများရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ ။ ။ ကိုဗစ် ကာကွယ်ဆေးတွေ တရားမဝင် ဝင်ရောက်လာရင် ပြည်သူလူထုကို အသိပေးချင်ပါတယ်။ ဆေးဝါးအတုတွေ၊ FDA အသိအမှတ်မပြုတဲ့ ဆေးဝါးတွေကို ပြည်သူလူထု ထိုးမိမှာ စိုးရိမ်ရပါတယ်။ ဒီဆေးတွေရဲ့ အရည်အသွေး ဘယ်လောက်ထိ စိတ်ချရမှု ရှိမလဲဆိုတာ ဘယ်သူမှလည်း အာမ မခံနိုင်ပါဘူး။ အာမ မခံနိုင်တဲ့ အတွက်ကြောင့် မထိုးသင့်ပါဘူး။ အကယ်၍ ဆေးကတော့ စစ်တယ်။ ဒါပေမယ့်လည်း အအေးလမ်းကြောင်း စနစ်ပျက်ခဲ့တယ်။ ဒါကိုလည်း ထိုးမိရင် အလကားဖြစ်မှာပါ။ ထိုးပြီးရင်လည်း အန္တရာယ်က ပိုများပါတယ်။ တရားမဝင် လမ်းကြောင်းက ဝင်ရောက်လာရင် ဘယ်လိုမှကို စိတ်ချရမှု၊ ယုံကြည်ရမှုမရှိတဲ့ အတွက် အန္တရာယ်လည်း ပိုပြီးတော့ များပါတယ်။ ပြည်သူလူထုကို အကျိုးထက် အပြစ်ပိုဖြစ်စေနိုင်တဲ့ အတွက်ကြောင့် ရှောင်ဖို့လိုပါတယ်။ ဒီလိုတရားမဝင် တင်သွင်းလာတဲ့သူတွေအနေနဲ့လည်း ပြည်သူလူထုကို စာနာသောအားဖြင့် ဘာအာမခံချက်မှ မရှိတဲ့ဆေးတွေ မတင်သွင်းကြဖို့ ကျွန်တော်တို့အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန၊ FDA တို့ကနေလာတဲ့ စိတ်ချရတဲ့ အရည်အသွေး၊ အအေးလမ်းကြောင်း မပျက်တဲ့ ကာကွယ်ဆေးတွေကိုပဲ စိတ်ချလက်ချ ထိုးနှံကြဖို့လိုပါတယ်။ ကိုယ့်အလှည့် မရောက်သေးရင်လည်း ခဏစောင့်ဖို့ လိုအပ်ပါတယ်။ အရေးကြီးဆုံးအုပ်စုတွေ၊ အန္တရာယ်အရှိဆုံး အုပ်စုတွေကို အရင်ထိုးပေးနေရတဲ့အတွက် ဆန္ဒမစောကြဖို့ မေတ္တာရပ်ခံ တင်ပြလိုပါတယ်။

ကိုဗစ်ကာကွယ်ဆေး ထိုးပြီးရင်လည်း ကိုဗစ်ကာကွယ်ရေးနည်းလမ်းတွေဖြစ်တဲ့ Mask တပ်ပါ။ လက်ဆေးပါ၊ ခပ်ခွာခွာနေပါဆိုတဲ့ အမူအကျင့်တွေကတော့ တစ်သက်လုံး လိုက်နာသွားရမယ့် အချက်တွေပါပဲ။ ဒါတွေကို လိုက်နာပေးဖို့အတွက် မေတ္တာရပ်ခံပါတယ်။

**မေး ။ ။ ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးမှာ တာဝန်ထမ်းဆောင်ကြမယ့် ကျန်းမာရေးဝန်ထမ်းတွေကို လေ့ကျင့်သင်ကြားပေးမှုတွေ ရှိရင်လည်း သိချင်ပါတယ်။**

ဖြေ ။ ။ COVISHIELD ကိုဗစ်ကာကွယ်ဆေးကတော့ အသားဆေးပါ။ ဒါထိုးတာနဲ့ ပတ်သက်ပြီး သိုလှောင်ရေးမှာလည်းပဲ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ အအေးလမ်းကြောင်း မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းတာ၊ ထားသိုတာ၊ သယ်ဆောင်တာတွေမှာ အတွေ့အကြုံ ရှိပြီးသားပါ။ တော်တော်လည်း အတွေ့အကြုံ ရင့်ကျက်ကြပါတယ်။ ဆရာဝန်ကြီးတွေ အပါအဝင် အခြေခံကျန်းမာရေး ဝန်ထမ်းအားလုံးက ကြီးကြပ်မှု အပိုင်းမှာလည်း အားကောင်းကြပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးမှာတော့ ဒီလိုအားကောင်းနေတဲ့အချက်က အားသာချက် ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ သင်တန်းတွေ ထပ်ကာထပ်ကာ ပေးနေပါတယ်။ ပြည်သူလူထုအပေါ် အမှားအယွင်းအဖြစ်မခံနိုင်ပါဘူး။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေအားလုံးကို အခုသင်တန်းပေးနေပါတယ်။ ဗဟိုကနေ ပြည်နယ်နဲ့ တိုင်းအဆင့် ဆေးရုံတွေရော အားလုံးကို သင်တန်းပေးနေတာ ဒီနေ့ဆို သုံးရက်မြောက်ရှိပါပြီ။

သူတို့တွေကို သင်တန်းပေးပြီးသွားရင်လည်း မြို့နယ်မှာ ထိုးနှံမယ့် Vaccinator တွေကိုလည်း ကျွန်တော်တို့ရဲ့ မော်ဂျူး သင်တန်းတွေ ပေးသွားမှာဖြစ်ပါတယ်။ ဒီလို စနစ်တကျ ပြင်ဆင်တဲ့အထဲမှာ ကာကွယ်ဆေးထိုး စုရပ်တွေကို ပြင်ဆင်တာလည်း ပါပါတယ်။ နောက်တစ်ခုက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်နေတဲ့ကာလမှာ ထိုးနှံရတဲ့ အတွက် ရောဂါကူးစက်မှု ကာကွယ်တားဆီးတာ၊ ထိန်းချုပ်တာ အထူးဂရုစိုက်ပြီး ပြင်ဆင်ရပါတယ်။ ကိုယ့်ကိုယ်ကို ကာကွယ်တာတွေ၊ ဒီလိုကာကွယ်ဖို့အတွက် လက်သန့်ရှင်းရေး၊ Level 2 PPE ဝတ်ဆင်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ နောက်ထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေ စနစ်တကျ စွန့်ပစ်ရေး ဒါတွေကို အစစအရာရာ အသေးစိတ် ဒီသင်တန်းမှာ ပြင်ဆင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးဝန်ထမ်း အတွေ့အကြုံ ရှိပြီးသား ကာကွယ်ဆေးထိုးနှံဖူးတဲ့ အတွေ့အကြုံရှိတဲ့ သူနာပြုဆရာမတွေ၊ သားဖွားဆရာမတွေ ကနဦးမှာတော့ သူနာပြုဆရာမတွေ ကနေပြီးတော့ စနစ်တကျ ပြင်ဆင်ပြီး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့

“ကာကွယ်ဆေး ထပ်မံရရှိလာမယ့်အပေါ် ဦးစားပေး လျာထားတဲ့ အုပ်စုတွေကို တဖြည်းဖြည်းချင်း ဆောင်ရွက်ပေးသွားပြီး တစ်နိုင်ငံလုံးကို အမြန်ဆုံး လွှမ်းခြုံနိုင်အောင် နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနတို့ကလည်း ကြိုးပမ်း ဆောင်ရွက်နေကြပါတယ်”



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်

“ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ FDA တို့ကနေလာတဲ့ စိတ်ချရတဲ့ အရည်အသွေး၊ အအေးလမ်းကြောင်း မပျက်တဲ့ ကာကွယ်ဆေးတွေကိုပဲ စိတ်ချလက်ချ ထိုးနှံကြဖို့ လိုပါတယ်။ ကိုယ့်အလှည့် မရောက်သေးရင်လည်း ခဏစောင့်ဖို့ လိုအပ်ပါတယ်။ အရေးကြီးဆုံးအုပ်စုတွေ၊ အန္တရာယ်အရှိဆုံးအုပ်စုတွေကို အရင်ထိုးပေးနေရတဲ့အတွက် ဆန္ဒမစောကြဖို့ မေတ္တာရပ်ခံ တင်ပြလိုပါတယ်”

# ကျွန်တော့်ရဲ့မြို့နယ်က ပြည်သူတွေကို ပိုင်ပိုင်နိုင်နိုင် ကတိပေးနိုင်တာ နှစ်ချက်ရှိပါတယ်။ ပထမအချက်အနေနဲ့ ကျွန်တော် ရိုးသားပါမယ်။ ဒုတိယအချက်အနေနဲ့ ကြိုးစားပါမယ်လို့ ပြောချင်ပါတယ်

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ် လွှတ်တော်ပထမ ပုံမှန်အစည်းအဝေးများတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိနေကြပြီဖြစ်သည်။**

## ဦးအာကာမျိုးထက် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

တတိယအကြိမ် လွှတ်တော်အတွက် ယခင်ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ပါဝင်လာသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ် အသစ်များလည်း ထပ်မံ အရွေးချယ်ခံခဲ့ကြရသည်။ ယခုအခါ နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်သူ့အကျိုးဆောင်ရွက်သယ်ပိုးကြမည့် တတိယအကြိမ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ရင်တွင်းပြောကြားစကားသံများကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။



ဦးအာကာမျိုးထက်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၇)



ဦးဘမျိုးသိန်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၁၁)



ဒေါက်တာတင်မောင်ထွန်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
မကွေးတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၉)



ဦးအောင်မျိုးလတ်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
မန္တလေးတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၉)

**ဦးအာကာမျိုးထက်**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊**
**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)**

ကျွန်တော့် မဲဆန္ဒနယ်မြေထဲမှာ မြို့နယ် သုံးမြို့နယ် ရှိပါတယ်။ ဒီသုံးမြို့နယ်ရဲ့ သဘာဝကလည်း သုံးမျိုးဖြစ်နေပါတယ်။ အရှေ့ဒဂုံဆိုရင် ကျေးလက်ဆန်ပါတယ်။ ဒါကြောင့် မြို့နယ်မှာရှိတဲ့ လယ်သမားတွေ အတွက် ရသင့်ရထိုက်တဲ့ စိုက်ပျိုးချေးငွေ စရိတ်တွေနဲ့ပတ်သက်ပြီး ကြိုးစားဆောင်ရွက်ဖို့ စိတ်ကူးထားပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာအောင် ကြိုးစားချင်တယ်။ မြောက်ဒဂုံဆိုရင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေ များပါတယ်။ အဲဒီနယ်မြေမှာ သူတို့တွေအတွက် အဓိက အခက်အခဲဖြစ်နေတာကတော့ ပင်စင် ထုတ်ယူတဲ့ကိစ္စပါ။

မြောက်ဒဂုံနဲ့ပတ်သက်ပြီး ပင်စင် လွယ်လွယ်ကူကူ ထုတ်ယူလို့ရတဲ့ စနစ်ဖြစ်အောင်၊ အငြိမ်းစားဝန်ထမ်းတွေရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ပိုမိုရရှိအောင် စွမ်းဆောင်ပေးချင်ပါတယ်။ မြောက်ဒဂုံက တည်ငြိမ်အေးချမ်းပြီး ပညာရေးနဲ့ပတ်သက်ရင် ထွန်းပေါက်ပါတယ်။ ဒါကြောင့် ပညာရေးနဲ့ ပတ်သက်တဲ့ Education , Institution ခေါ်တဲ့ အဖွဲ့တွေ အားကောင်းတဲ့ အတွက် ပညာရေးနဲ့ပတ်သက်တဲ့ အဝန်းအဝိုင်း ဖြစ်စေချင်ပါတယ်။

မြောက်ဥက္ကလာပက အသေးစား စက်မှုလက်မှု လုပ်ငန်းလေးတွေများပြီး လူဦးရေ ထူထပ်ပါတယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိအောင်၊ မြောက်ဥက္ကလာပမှာရှိတဲ့ အသေးစား စက်မှုလက်မှု လုပ်ငန်းတွေမှာ ရသင့်ရထိုက်တဲ့ ကိုဗစ်ကာလ ကုစားတဲ့ချေးငွေတွေ ရရှိအောင် ကြိုးစားဆောင်ရွက်သွားမယ်လို့ စိတ်ကူးထားပါတယ်။ အသေးစားစက်မှုလက်မှု လုပ်ငန်းတွေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိစေချင်ပါတယ်။ မြို့နယ် သုံးခုက သဘောသဘာဝ သုံးခုဖြစ်နေတဲ့အတွက် သုံးမြို့နယ်လုံးကို ထိန်းညှိပြီး ဆောင်ရွက်သွားပါမယ်။

နောက်ထပ် ထူးထူးခြားခြားအနေနဲ့ လူငယ်တွေအတွက် Online ကနေ သင်တန်းလေးတွေပေးနေပါတယ်။ အဲဒီလူငယ်တွေကနေ ပြည်သူ့အကျိုးပြု လုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် တွန်းအားပေးနေပါတယ်။ လူငယ်တွေအတွက် အထူးသဖြင့် ပြည်ပ ပညာသင်ဆုတွေ ရရှိဖို့ကိစ္စတွေနဲ့ ပညာရေးအမြင်ကျယ်ပြီး ပွင့်လင်းအောင် တွန်းအားပေး ဆောင်ရွက်ချင်ပါတယ်။ ကျွန်တော့်ရဲ့ မြို့နယ်က ပြည်သူတွေကို ပိုင်ပိုင်နိုင်နိုင် ကတိပေးနိုင်တာ နှစ်ချက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် လျှောက်တဲ့ အချိန်မှာလည်း ပါတီကို ပေးခဲ့တဲ့ ကတိပါ။ ပထမအချက်အနေနဲ့ ကျွန်တော် ရိုးသားပါမယ်။ ဒုတိယအချက်အနေနဲ့ ကြိုးစားပါမယ်လို့ ပြောချင်ပါတယ်။

**ဦးဘမျိုးသိန်း**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊**
**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**

ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းမှာ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ တာဝန်ကိုယူခဲ့ပါတယ်။ တောင်သူလယ်သမားတွေနဲ့ ပတ်သက်တဲ့ အကျိုးစီးပွားတွေ၊ အခွင့်အရေးတွေ၊ လယ်ယာထုတ်ကုန်ပစ္စည်းတွေ တိုးမြှင့်နိုင်ဖို့၊ ဈေးကွက်ကို မှန်မှန်ကန်ကန် ရောက်ရှိဖို့၊ တောင်သူလယ်သမားအဖွဲ့အစည်းတွေ ပေါ်ပေါက်ဖို့ စတဲ့ ကော်မတီရဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့တယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအပိုင်းနဲ့ တောင်သူလယ်သမားတွေ လက်ရှိရင်ဆိုင်နေရတဲ့ မြေသိမ်းခံရမှုကိစ္စတွေ စတဲ့အပိုင်းနှစ်ပိုင်းကို လွှတ်တော်မှာ မေးခွန်းမေးတာတွေ ရှိတယ်။ အဆိုတင်သွင်းတာတွေ ရှိတယ်။ ဆွေးနွေးပွဲလုပ်တာတွေ ရှိတယ်။ ဒါ့အပြင် ပညာပေးသင်တန်းတွေနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေတက်ပြီး ပါဝင်ဆွေးနွေးတာတွေ ရှိပါတယ်။

ကျွန်တော်တို့ ရေးရာကော်မတီကို ဥပဒေ နှစ်ခု တာဝန်ပေးပါတယ်။ ၁၈၉၄ ခုနှစ် မြေသိမ်း အက်ဥပဒေနဲ့ စာတိုက်ကြီးဥပဒေပါ။ စာတိုက်ကြီးဥပဒေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ တွေ့ဆုံဆွေးနွေးပြီး ပြန်လည်ရေးဆွဲခဲ့ပါတယ်၊ ပြင်ဆင်ခဲ့ပါတယ်။ မြေသိမ်းအက်ဥပဒေက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရေးကြီးတယ်။ ဒီဥပဒေကို ကောင်းအောင်ဆောင်ရွက်ပေးနိုင်ရင် မြန်မာနိုင်ငံအတွက်ရော၊ တောင်သူလယ်သမားတွေအတွက်ရော ပိုကောင်းမွန်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ကော်မတီက ဒီဥပဒေကို အသစ်ရေးဆွဲကြမယ်ဆိုပြီး တိုင်ပင်ကြတယ်။ အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးပြီး လွှတ်တော်မှာ အတည်ပြုပေးနိုင်ခဲ့တယ်။ လယ်ယာမြေနဲ့ပတ်သက်တဲ့ ဥပဒေတွေကို ဆွေးနွေးမှုတွေ ဆောင်ရွက်နိုင်ခဲ့တယ်။ ဥပဒေပြဋ္ဌာန်းချက်တွေ၊ နည်းဥပဒေနဲ့အညီ သက်ဆိုင်တဲ့ အစိုးရဝန်ကြီးဌာနတွေက ဆောင်ရွက်မှုရှိ၊မရှိကို အဓိကထားပြီးတော့ စောင့်ကြည့်ထိန်းသိမ်းပေးတယ်။

လာမယ့်လွှတ်တော်သက်တမ်း ငါးနှစ်မှာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်လို့ရတာတွေ အများကြီးရှိပါတယ်။ တချို့ ဥပဒေနဲ့ပတ်သက်လို့ ပြန်ပြီးတော့ ဆွေးနွေးဖို့ လိုတယ်။ နည်းဥပဒေတွေမှာ လိုအပ်နေတာတွေကို ဆွေးနွေးဖို့လိုတယ်။ ဒါတွေကို သေချာကြည့်ပြီးတော့မှ ခေတ်ကာလနဲ့အညီ ဒီဥပဒေတွေကို ဆွေးနွေးဖို့လိုပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးအပိုင်းတွေမှာ အထွက်တိုးလာအောင်နဲ့ သားငါးကဏ္ဍ တိုးတက်အောင် ထုတ်လုပ်ဖို့ လိုအပ်သလို ထွက်ရှိလာတဲ့အချိန်မှာ ဈေးကွက်မီဖို့၊သင့်တင့်တဲ့ဈေးရဖို့ အချိတ်အဆက်တွေ လုပ်ပေးရမယ်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေမှာလည်း တောင်သူတွေရော၊ လုပ်ငန်းရှင်တွေရော ပူးပေါင်းပြီးလုပ်ကြမှ သီးနှံတွေထွက်လာတဲ့အချိန် ဈေးကွက်ဝေစုရဖို့အတွက် ဝန်ကြီးဌာန တစ်ခုတည်းမက ဝန်ကြီးဌာန သုံးခု၊လေးခု အကုန်လုံးချိတ်ဆက်ပြီး တိုင်ပင်ကိုက်လုပ်သွားရမယ့် ကိစ္စတွေ ရှိပါတယ်။ ဒါတွေကို ဆောင်ရွက်သွားပါမယ်။

**ဒေါက်တာတင်မောင်ထွန်း**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊**
**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**

ကျွန်တော်တို့နိုင်ငံမှာ အရေးတကြီး လိုအပ်နေတာက ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေ မြှင့်တင်ဖို့ပါ။ အဓိက ကျန်းမာရေးနဲ့ ပတ်သက်ရင် ကျန်းမာရေးဝန်ထမ်းတွေ အများအပြားမွေးထုတ်ပေးဖို့၊ ပညာရေးနဲ့ပတ်သက်ရင်လည်း နိုင်ငံသားတိုင်း စာတတ်မြောက်ဖို့အတွက် အနည်းဆုံး အလယ်တန်းအဆင့်အထိ မသင်မနေရ ဖြစ်စေချင်တယ်။

လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်မှုလည်း ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများရဲ့ဘဝဟာ တိုးတက်မှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ရဲ့ မိခင်ပါတီဖြစ်တဲ့ NLD ရဲ့ မူဝါဒ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့လည်း ပြည်သူတွေကို ကိုယ်စားပြုပြီး ဘက်ကနေ အတတ်နိုင်ဆုံး အလုပ်အကျွေးပြုရမယ့် တာဝန်ရှိတယ်။ လွှတ်တော်သက်တမ်းအတွင်း ပါတီရဲ့ မူဝါဒလမ်းညွှန်ချက်အတိုင်း ပြည်သူ့ကောင်းကျိုးကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားပါမယ်။

**ဦးအောင်မျိုးလတ်**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊**
**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့လွှတ်တော်သက်တမ်းအတွင်းမှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်က မြို့နယ်တွေကို လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်နိုင်ခဲ့တယ်။ လွှတ်တော်မှာလည်း တကယ့်အရေးကြီးတဲ့ မူဝါဒပိုင်းတွေကို အများကြီး ဆွေးနွေးနိုင်ခဲ့တယ်။ အဓိကကျတာတွေကို ဆွေးနွေးနိုင်ခဲ့တယ်။ အကြံတွေအများကြီး ပေးနိုင်ခဲ့တယ်။

အခုလာမယ့် တတိယအကြိမ်လွှတ်တော်သက်တမ်းမှာ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအကျဆုံးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စ၊ နောက်တစ်ချက်က တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံဈေးကွက်ကိစ္စ နှစ်ခုကိုလုပ်ရမယ်။ စိုက်ပျိုးသီးနှံဈေးကွက် ရရှိဖို့ဆိုရင် နိုင်ငံကြီးတစ်ခုတည်းမှာ အမှီပြုနေတာမျိုး မဟုတ်ဘဲ နိုင်ငံတော်တော်များများကို စုံစုံလင်လင်ပို့နိုင်ဖို့ အရေးကြီးတယ်။ ဒါဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဟာ အဓိက ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးသီးနှံတောင်သူနဲ့ ပတ်သက်ပြီး အလယ်ပိုင်းဒေသတွေမှာဆိုရာသီဥတု မမှန်ကန်တဲ့အတွက် မိုးကောင်းသောက်တွေ၊ ဆည်ရေသောက်တွေက အဆင်မပြေဘူး။ ဒါကြောင့် စိုက်ပျိုးရေရရှိဖို့ အဓိကကျတယ်။ ဒါတွေကို ဖြေရှင်းဖို့ စဉ်းစားထားတာရှိပါတယ်။ ပညာရေးပိုင်းနဲ့ ပတ်သက်ပြီး အခမဲ့ပညာရေးကဏ္ဍပေါ့။ မူလတန်းအဆင့်နဲ့ အလယ်တန်းအဆင့်တွေကို အခမဲ့ပညာရေး လုပ်တာက ဘာသိသာလဲဆိုတော့ ကျောင်းနေနှုန်း မြင့်လာတယ်။ လက်ရှိအစိုးရသက်တမ်းမှာ အဆင့်တိုးမြှင့်ပေးသင့်တဲ့ ကျောင်းတွေ အဆင့်တိုးပေးတဲ့အတွက် ကလေးတွေ ကျောင်းနေမြဲလာတယ်။ ကျောင်းနေနှုန်းမြင့်လာတယ်။ အခုလက်ရှိမှာ ကလေးဗဟိုပြုသင်ကြားရေး ပုံစံမျိုးကို စနစ်တကျပြုပြင်ပြောင်းလဲလာတယ်။ ဒါကြောင့်မကြာခင်မှာ ထိရောက်တဲ့ အကျိုးရလဒ်တွေ ထွက်လာပါမယ်။ လက်ရှိမှာလည်း သိသာမြင်သာတဲ့ အကျိုးရလဒ်တွေရှိပါတယ်။

လက်ရှိလွှတ်တော်သက်တမ်းမှာ လုပ်စရာတွေ တော်တော်များပါတယ်။ ကိုဗစ်-၁၉ အလွန်မှာ ရုန်းကန်ရမယ့် စီးပွားရေးကိစ္စတွေ အများကြီးရှိတယ်။ ကျွန်တော်တို့က ဘယ်လိုလုပ်မယ်ဆိုတာထက် ဖြစ်ပေါ်လာတဲ့အခြေအနေအပေါ် ကြိုးစားပြီး လုပ်ကိုင်ရမှာတွေ ရှိပါတယ်။ နောက်မဟာဗျူဟာ ရွေးထားတဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကိုလည်း ဆက်လက်အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ထားတာ ရှိပါတယ်။ ဒီသက်တမ်းအတွင်း ကျွန်တော်တို့ တိုင်းပြည် ငြိမ်းချမ်းရေးအတွက်ရော၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးရေးအတွက်ရော၊ ပညာရေး၊ ကျန်းမာရေးအတွက်ရော၊ အားလုံးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အဓိကကျတဲ့နှစ်လည်း ဖြစ်နေပါတယ်။

**ဒေါက်တာအောင်လင်း**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊**
**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)**

လာမယ့် လွှတ်တော်ငါးနှစ်တာ သက်တမ်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ အကျပ်အတည်းဖြစ်တဲ့၊ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အတွက် အဓိက အဟန့်အတားလည်းဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ပထမကြိုးစားဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒေသဖွံ့ဖြိုးရေး အပိုင်းပါ။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းက လယ်ယာကို အဓိက အခြေခံပါတယ်။ ကျေးလက်နေ ပြည်သူလူထုတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဓိက ဆောင်ရွက်မယ်။ ကျွန်တော်တို့က စက်မှုနိုင်ငံကို အခြေခံထားတာမဟုတ်ဘဲ စိုက်ပျိုးရေးကို အခြေခံတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းကို နည်းပညာအဆင့်မြင့်မြင့်နဲ့ သွားနိုင်မယ်ဆိုရင် နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ လျင်လျင်မြန်မြန်ရောက်ရှိမယ်လို့ ယုံကြည်တယ်။

နောက်တစ်ခုက မွေးမြူရေးကဏ္ဍပါ။ ကျွန်တော်ကိုယ်တိုင်က တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ပြီး ဝန်ထမ်းဘဝနဲ့လည်း အချိန် အကြာကြီး ကျင်လည်ခဲ့တယ်။ ဒါကြောင့် ကျေးလက်နေပြည်သူလူထုနဲ့ ထိတွေ့မှုရှိတယ်။ ကျွန်တော်တို့နိုင်ငံက မွေးမြူရေးကဏ္ဍမှာလည်း နောက်ကျနေတာတွေရှိတယ်။ မွေးမြူရေးကဏ္ဍမှာ ထုတ်ကုန်တွေကို ကျန်းမာရေးနဲ့ညီညွတ်ပြီး နိုင်ငံတကာ စံချိန်စံညွှန်းမီတဲ့ ပြည်ပထုတ်ကုန်အဖြစ် ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လျင်လျင်မြန်မြန် ရရှိမှာပါ။ ဒါတွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက SME ကဏ္ဍပါ။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံကြီးတွေနည်းတူ SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ရပါမယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ စတင်မဲဆွယ်စည်းရုံးစဉ်ကတည်းက ကျွန်တော့်ရဲ့ မျှော်မှန်းချက် လုပ်ငန်းစဉ်က ဒီကိစ္စတွေပါပဲ။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အဖြစ် တာဝန်ယူတဲ့အချိန်မှာလည်း ဒီကိစ္စတွေကို ဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးထန်ဆေး**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)**

ကျွန်တော်တို့ တမူးမြို့နယ်က အိန္ဒိယ-မြန်မာ နယ်စပ်မြို့ဖြစ်တယ်။ နယ်စပ်ဒေသဖြစ်တဲ့အတွက် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ပြောရင် ဖွံ့ဖြိုးမှုနောက်ကျနေသေးတဲ့ ဒေသလို့လည်း ပြောလို့ရပါတယ်။ ဒါကြောင့် ဒေသနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို အစွမ်းကုန်ကြိုးစားပြီးတော့ ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။ နောက်ကျွန်တော်တို့ ဒေသဟာ တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ နေထိုင်တဲ့ ဒေသလည်း ဖြစ်ပါတယ်။ ဒေသခံတွေနဲ့ တိုင်းရင်းသားနယ်မြေတွေမှာ လိုအပ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ ဆည်မြောင်း၊ လယ်ယာဖော်ထုတ်ရေး စတာတွေကိုလည်း ကြိုးစားဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီခြေလှမ်း စတင်နေတဲ့ကာလဖြစ်တဲ့အတွက် ဒီမိုကရေစီအခြေခိုင်မာအောင် လုပ်ဆောင်ဖို့ အဓိက တာဝန်ရှိတယ်လို့ ယူဆပါတယ်။ လွှတ်တော်မှာ နိုင်ငံအတွက် အဓိကလိုအပ်တဲ့၊ ကျွန်တော်တို့ လိုလားတဲ့ ငြိမ်းချမ်းရေးကိစ္စ၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးကိစ္စတွေနဲ့ ဥပဒေဆိုင်ရာကိစ္စတွေကိုလည်း တတ်အားသရွေ့ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာပါ။ ဒေသအခက်အခဲတွေကို ပြည်သူတွေက တင်ပြထားတာတွေ ရှိပါတယ်။ ဒေသအတွက် လိုအပ်ချက်ဆိုင်ရာ မေးခွန်းမေးမြန်းတာတွေ ဆွေးနွေးတာလည်း လုပ်သွားမှာပါ။ သိမ်းဆည်းမြေကိစ္စ၊ ကိုယ့်ဒေသမှာရှိတဲ့ တိုင်းရင်းသား



ဒေါက်တာအောင်လင်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၁၀)



ဦးထန်ဆေး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၇)



ဦးထွန်းထွန်းဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
မန္တလေးတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၅)



ဦးကျော်တုတ်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
မန္တလေးတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၂)

အချင်းချင်း ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး စတဲ့ကိစ္စတွေနဲ့ ပတ်သက်တဲ့ အဆိုတွေလည်း တင်ပြဆွေးနွေးဖို့ ရှိပါတယ်။

**ဦးထွန်းထွန်းဦး**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့လွှတ်တော်သက်တမ်းမှာ သယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် ဖြစ်ပါတယ်။ အထူးတာဝန်အနေနဲ့ မူလက လျှပ်စစ်အင်ဂျင်နီယာဖြစ်တဲ့အတွက် လျှပ်စစ်ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကို စိစစ်တဲ့ စိစစ်ရေးပူးပေါင်းအဖွဲ့(၁၃) ရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ အခုသက်တမ်းမှာလည်း အကယ်၍ တာဝန်ထမ်းဆောင်ခွင့်ရမယ်ဆိုရင် ဒီတာဝန်နှစ်ခုကို ပြန်ပြီးထမ်းဆောင်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်လက်စ အလုပ်တွေလည်း ရှိတယ်။ လုပ်ငန်းရဲ့ သဘောသဘာဝတွေလည်း နားလည်နေတဲ့အတွက် ဒီကော်မတီနှစ်ခုရဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်မယ်လို့ ရည်ရွယ်ထားပါတယ်။

ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းအတွင်းမှာ ပြည်သူတွေရဲ့ အသံတွေ နားထောင်၊ သူတို့ဆန္ဒကိုသိအောင် ကြိုးစားပြီးတော့ လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်း ၂၀ မေးမြန်းခဲ့ပါတယ်။ နောက်ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးမှု (၁၅) ကြိမ်၊ အမျိုးသားလွှတ်တော်မှာ ဥပဒေနဲ့ပတ်သက်ပြီး ဆွေးနွေးတာ (၄) ကြိမ်၊ အဆိုနဲ့ပတ်သက်ပြီးဆွေးနွေးတာ (၄) ကြိမ် ဆွေးနွေးခဲ့တယ်။ ဒါတွေကိုလည်းစုပေါင်းပြီး စာအုပ်ထုတ်ထားတာ ရှိပါတယ်။ လွှတ်တော်အတွင်း ဆောင်ရွက်ချက်ကတော့ မှတ်တမ်းတင်လောက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အခုတတိယအကြိမ် သက်တမ်းမှာလည်း ပြည်သူ့ရဲ့အသံကို နားထောင်၊ ပြည်သူ့ဆန္ဒကိုသိအောင် ကြိုးစားပြီး တတ်နိုင်သရွေ့အခုလိုပဲ မေးခွန်းတွေ၊ အဆိုတွေနဲ့ ဥပဒေကြမ်းတွေ တင်သွင်းနိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူကို သတင်းစကားပါးချင်တာကတော့ ကျွန်တော်တို့ ဒီမိုကရေစီခရီးလမ်းက မပြီးဆုံးသေးပါဘူး။ အားလုံးလည်း ကြားကြမှာပါ။ အမျိုးမျိုးသော အခက်အခဲ၊ အနှောင့်အယှက်တွေ အများကြီး ကြုံတွေ့ရတယ်။ ပြီးခဲ့တဲ့ သက်တမ်းအတွင်းမှာ တတ်နိုင်သရွေ့ကြိုးစားထမ်းဆောင်ပြီး ဒီမိုကရေစီအုတ်မြစ်အခြေခံကတော့ မခိုင်သေးဘူးပေါ့။ အဲဒီတော့ ဒီမိုကရေစီအုတ်မြစ် အခြေခိုင်ဖို့ဆိုရင် ဒီငါးနှစ်သက်တမ်းမှာ ပြည်သူကကျွန်တော်တို့နဲ့အတူ တစ်သွေးတည်း၊ တစ်သားတည်း ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်ပေးမှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် နောင်လာနောက်သားတွေအတွက် ဒီမိုကရေစီအုတ်မြစ် အခြေခံခိုင်ခံ့အောင် ဒီငါးနှစ်သက်တမ်းအတွင်းမှာလည်း မားမားမတ်မတ် ဆက်လက်ရပ်တည်ပြီး ကျွန်တော်တို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးပါလို့ ပြည်သူပြည်သားတွေကို ပန်ကြားလိုပါတယ်။

**ဦးကျော်တုတ်**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**

ယခင် လွှတ်တော်သက်တမ်းမှာတော့ ကိုယ်စားပြု ပြည်နယ်၊ မြို့တွေမှာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်ပေးခဲ့ပါတယ်။ အခုဆိုရင် ၂၀၂၁ ခုနှစ် နှစ်ကုန်မှာ ပုဂံညောင်ဦးမြို့နဲ့ ကျောက်ပန်းတောင်းမြို့နယ်တွေမှာ မြို့နယ်လုံးကျွတ် လျှပ်စစ်မီးရရှိတော့မှာ ဖြစ်ပါတယ်။ အခုလာမယ့် လွှတ်တော်သက်တမ်း ကာလမှာတော့ နှစ်မြို့နယ်လုံးကို ကျေးလက်လမ်းတွေ အားလုံးရအောင် လုပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်တွေ ကျေးရွာတိုင်းမှာ စက်ရေတွင်းတွေရှိနေပါပြီ။ ဒါပေမယ့် တချို့စက်ရေတွင်းတွေက သောက်သုံးရေအဆင့်အထိ မရသေးပါဘူး။ ဒါကြောင့် ကျေးလက်လမ်းနဲ့ သောက်သုံးရေအဆင့်ပြည့်မီစွာရရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၅ နှစ်တာကာလအတွင်း ပါတီအတွက်၊ လွှတ်တော်အတွက်နဲ့ ပြည်သူတွေရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းရာမှာလည်း ပြည်သူ့ဆန္ဒအတိုင်း အဂတိကင်းရှင်းစွာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ လာမယ့် ၅ နှစ်မှာလည်း ပြည်သူ့ဆန္ဒတွေနဲ့အညီ တောင်းဆိုတဲ့ အရာတွေကို လွှတ်တော်ကတစ်ဆင့် မေးခွန်းမေးမြန်းတောင်းဆိုမှုနဲ့ အပြင်မှာ အလွှတ်သဘောတွေ့ဆုံတောင်းဆိုတာတွေကိုလည်း အဲဒီနည်းလမ်းနှစ်မျိုးနဲ့ အဂတိကင်းစွာဖြင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ကျွန်တော့်မဲဆန္ဒနယ်က နေပြည်တော်ကနေသွားရင် မိုင် ၁၈၀ ပဲရှိတဲ့အတွက် လွှတ်တော်နားတဲ့ကာလ မဟုတ်သော်လည်း စနေ၊ တနင်္ဂနွေ နှစ်ရက်မှာ မဲဆန္ဒနယ်ကိုပြန်ပြီး ပြည်သူတွေနဲ့ တွေ့ဆုံပါတယ်။ လွှတ်တော်နားတဲ့ ကာလတွေမှာတော့ အစီအစဉ်ဆွဲပြီး ပြည်သူတွေနဲ့ တွေ့ဆုံပါတယ်။ ပြီးခဲ့တဲ့ ၅ နှစ်တာ ကာလမှာ ပညာရေးဝန်ကြီးဌာနက ဦးဆောင်တဲ့ လူထုတွေ့ဆုံပွဲတွေ လုပ်ပါတယ်။ လာမယ့် ၅ နှစ်ကာလမှာလည်း ဒီလိုတွေ့ဆုံပွဲတွေ လုပ်ဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်။ လူထုတွေ့ဆုံပွဲတွေ မဟုတ်သော်လည်း သီးသန့်သွားပြီးတွေ့ဆုံပါတယ်။ လာမယ့် ၅ နှစ်တာကာလမှာ ပြည်သူတွေရဲ့ ဆန္ဒတွေကို အဂတိကင်းရှင်းစွာနဲ့ အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားပါမယ်လို့ ပြည်သူတွေကို ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးမင်းနိုင်**
**ဓာတ်ပုံ - ဟိန်းမင်းစိုး**

*စာမျက်နှာ ၉ မှ*

**မေး ။ ။ လူမှုကွန်ရက် စာမျက်နှာတွေမှာလည်း ကိုဗစ်ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဆိုးကျိုးတွေရှိတယ်လို့ ရေးသားဖော်ပြနေတာ တွေ့နေရပါတယ်။ ပြည်သူလူထုကလည်း ဒါနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ဘေးထွက်ဆိုးကျိုးတွေကအစ ကြိုတင်ပြီး တွက်ဆထားတာ ရှိပါတယ်။ တွက်ဆထားပြီးတော့လည်း သင်တန်းပေးတဲ့အခါမှာ ပြည်သူလူထုအတွက် ဆိုးကျိုးတွေက ဘာဖြစ်တတ်သလဲ။ ဘာဖြစ်ရင် ဘယ်လိုလုပ်ကြမယ်။ ဆေးဓာတ်မတည့်တာဖြစ်ရင် ဘယ်လိုကုသကြမယ်။ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ သင်တန်းတွေ ပေးပါတယ်။ COVISHIELD ကာကွယ်ဆေး သဘာဝကလည်း ဘေးထွက်ဆိုးကျိုး အလွန်တရာ နည်းပါးတဲ့ဆေးဖြစ်ပါတယ်။ ဒီကာကွယ်ဆေးကတော့ အကျိုးပိုများပါတယ်။ အပြစ်က နည်းနည်းလေးပဲရှိပါတယ်။ ဒါကြောင့် အကျိုးများလို့ ထိုးရမှာဖြစ်ပါတယ်။ ဒါကိုတော့ ပြည်သူလူထုကို တင်ပြချင်ပါတယ်။ လူမှုကွန်ရက် စာမျက်နှာတွေမှာ ရေးသားထားတာတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့လည်း ထပ်ခါတလဲလဲ တင်ပြခဲ့တဲ့အတိုင်း ပြည်သူလူထုအနေနဲ့ နိုင်ငံပိုင်မီဒီယာတွေကနေ ထုတ်လွှင့်နေတာတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာတွေ၊ ဝက်ဘ်ဆိုက်တွေပေါ်ကနေပြီး အသိပေးတဲ့ အချက်အလက်တွေကို ယုံယုံကြည်ကြည်နဲ့ လက်ခံပေးဖို့ပဲ တိုက်တွန်းချင်ပါတယ်။ သတင်းအမှားတွေ၊ သတင်းအတုတွေက ကိုဗစ်-၁၉ ထက် ကြောက်စရာကောင်းပါတယ်။ သတင်းအမှားတွေကို မယုံကြပါနဲ့။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လိုက်နာပူးပေါင်း ဆောင်ရွက်သွားစေလိုပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ ရောဂါကနေ ပျောက်ကင်းသက်သာသွားတဲ့ သူတွေအနေနဲ့ ဒီကာကွယ်ဆေးက ထိုးသင့်ပါသလား။**

ဖြေ ။ ။ ထိုးသင့်ပါတယ်။ ရောဂါ ပျောက်ကင်းသွားပြီဆိုသော်လည်း နောင်တစ်ချိန် ပြန်မဖြစ်ဘူးလို့ အာမ မခံနိုင်ပါဘူး။ ပြန်ဖြစ်နိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် ရောဂါပျောက်ကင်းသွားတဲ့ သူကလည်း ဒီကာကွယ်ဆေး ထိုးနှံသင့်ပါတယ်။ ဒီကာကွယ်ဆေးက အသက် ၁၈ နှစ်အထက် ထိုးဖို့ဖြစ်ပါတယ်။ ကာကွယ်ဆေးက ရောဂါပြီးဆေး မဟုတ်ဘူးဆိုတာ ပြည်သူလူထုအနေနဲ့ သိထားဖို့လိုပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးရင်လည်းပဲ New Normal မှာသွားမယ့် Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်း စတဲ့အလေ့အကျင့်ကောင်းတွေကို ဆက်ပြီးကျင့်သုံး သွားရဦးမှာပါပဲ။ ကာကွယ်ဆေး ရပြီဆိုပြီး သတိလက်လွတ်မနေလိုက်ကြပါနဲ့။ ကာကွယ်ဆေး ထိုးပြီးပြီဆိုပြီးတော့လည်း အမူအကျင့်ကောင်းတွေကို မစွန့်လွှတ်လိုက်ကြပါနဲ့။ ဒီလိုစွန့်လွှတ်လိုက်ခြင်းဟာ ကိုဗစ်-၁၉ အန္တရာယ်ကို ဖိတ်ခေါ်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေဟာ တစ်သက်တာလုံး လိုက်နာသွားရမယ့် အချက်တွေဖြစ်ပါတယ်။ ကာကွယ်ဆေးမရခင်မှာလည်း လိုက်နာရမှာဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးပြီးရင်လည်း ပိုပြီးသတိထားပြီးတော့ကို ဒီကာကွယ်ဆေးရဲ့ အကျိုးတွေ ပြည့်ပြည့်ဝဝရရှိဖို့အတွက် ဒီအချက်တွေဟာ ပြည်သူလူထု လိုက်နာရဦးမယ့် အချက်တွေ ဖြစ်ပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ အားလုံးမျှော်လင့်နေတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိတယ်ဆိုတော့ ပြည်သူလူထု အားလုံးအနေနဲ့လည်း ဝမ်းသာပျော်ရွှင်နေကြပါတယ်။ ကျွန်တော်တို့ အနေနဲ့ကလည်း ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် စိတ်အားထက်သန်နေပါတယ်။ သတိပြုရမယ့် အချက်တွေကိုလည်း ပြည်သူလူထုကို အသိပေးပြီး ဖြစ်ပါတယ်။ ထိုးနှံပေးမယ့် သူတွေဘက်ကိုလည်း အအေးလှိုင်းမပျက်အောင် ထိန်းသိမ်းတာ၊ ဆေးဓာတ်မတည့်ရင် ကြုံရမယ့် အချက်တွေကအစ အားလုံးကို သင်တန်းပေးပြီး ဖြစ်ပါတယ်။ သင်တန်းတွေ ပေးလည်းပေးနေပါတယ်။ ကာကွယ်ဆေးရရှိတဲ့အပေါ် မူတည်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ရွေးချယ်ထားတဲ့ အုပ်စုတွေရှိပါတယ်။ ဒီအုပ်စုတွေအလိုက် တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ရရှိတဲ့ကာကွယ်ဆေး အရေအတွက်ပေါ်မူတည်ပြီး ကာကွယ်ဆေးထိုး အစီအစဉ်ကို လစဉ်လစဉ် ဆောင်ရွက်သွားပါမယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း Mask တပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါဆိုတဲ့ အမူအကျင့်တွေကို ဆက်လက်ဆောင်ရွက်ပေးပါ။ ကာကွယ်ဆေး မရခင်လည်း လိုက်နာရမှာဖြစ်သလို ကာကွယ်ဆေးရပြီးတဲ့အခါမှာလည်း New Normal မှာ Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်း အလေ့အကျင့် ကောင်းတွေကို ဆက်လက်ပြီးတော့ ဘဝတစ်လျှောက်လုံး နေသွားကြဖို့၊ လိုက်နာသွားကြဖို့ လိုအပ်ပါတယ်လို့ ပြောချင်ပါတယ်။

အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ မင်းသစ်(MNA)**
**ဓာတ်ပုံ - ဥဂ္ဂါဖြိုး**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြခဲ့သည့် သတင်းအင်တာဗျူး၌ ပါရှိသော ဦးအေးလွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒဂုံမြို့သစ်တောင်ပိုင်း **(အစား)** ဒဂုံမြို့သစ်တောင်ပိုင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းအဖွဲ့)

## ထူးခြားသည့် ညအပူချိန်များနှင့် ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ မိုင်းယန်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ကိုဗစ် - ၁၉ ကာလ အမေရိကန်သို့ ဝင်ရောက်ခွင့်ကို ပြန်လည်ပိတ်ပင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

ဗြိတိန်၊ ဘရာဇီးနှင့် အိုင်ယာလန်နိုင်ငံတို့အပါအဝင် ဥရောပနိုင်ငံအချို့မှ အမေရိကန်နိုင်ငံသား မဟုတ်သူများ ကိုဗစ် - ၁၉ ကာလအတွင်း အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်နှင့်ပတ်သက်ပြီး ပိတ်ပင်မှုပြန်လည်ချမှတ်မည်ဟု အိမ်ဖြူတော်အရာရှိက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်အစိုးရအဖွဲ့သစ်သည် ကိုဗစ် -၁၉ တုံ့ပြန်ရေးအတွက် အရှိန်အဟုန်မြင့် လုပ်ဆောင်နေစဉ် ယခုလိုပြောကြားခြင်း ဖြစ်သည်။

ဗီဇပြောင်းကိုဗစ်- ၁၉ ကူးစက်မှုအတွက် ခြိမ်းခြောက်မှုများရှိနေစဉ် မကြာသေးမီကာလအတွင်းကမှ တောင်အာဖရိကသို့ သွားရောက်ခဲ့သည့်သူများ အမေရိကန်နိုင်ငံအတွင်းသို့ဝင်ရောက်ခွင့် ပိတ်ပင်ခြင်းကာလကိုလည်း တိုးချဲ့မည်ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန် သမ္မတသစ်သည် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် ပတ်သက်ပြီး စည်းကမ်းချက်တင်းကျပ်ခဲ့ပြီး အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့်သူများကို အသွားအလာ ကန့်သတ်မှု ခံယူရန်လည်း အမိန့်ထုတ်ခဲ့သည်။ လာမည့်လအတွင်း အမေရိကန်တွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူစာရင်းမှာ ၄၂၀၀၀၀ ကျော်မှ သန်းတစ်ဝက်နီးပါးအထိ ရှိလာနိုင်ကြောင်း၊ ထို့ကြောင့် ကိုဗစ် - ၁၉ စည်းကမ်းချက်များကို ကန့်သတ်ရန် လိုအပ်သည်ဟု ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို ဇန်နဝါရီ ၂၄ ရက်က တွေ့ရစဉ်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံ၌ လူပေါင်း ၂၀၀ နီးပါး နေအိမ်များတွင် အသွားအလာကန့်သတ်မှု ခံယူစဉ်အတွင်း သေဆုံး

**တိုကျို ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ လူပေါင်း ၂၀၀နီးပါးမှာ မိမိနေအိမ်များ သို့မဟုတ် အခြားသောနေရာများတွင် အသွားအလာကန့်သတ်မှု ခံယူစဉ်အတွင်း အခြေအနေဆိုးရွားလာပြီးနောက် သေဆုံးခဲ့သည်ဟု သိရသည်။ လွန်ခဲ့သည့်နှစ် မတ်လမှ ယခုနှစ် ဇန်နဝါရီလအထိ နေအိမ်များ၌ အသွားအလာကန့်သတ်မှုခံယူနေစဉ်အတွင်း သေဆုံးသူ ၁၉၇ ဦးရှိသည်ဟု အမျိုးသားရဲအေဂျင်စီက ပြောသည်။



ဟော်ကိုင်းဒိုးကျွန်းတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

ဇန်နဝါရီ ၁ ရက်မှ ၂၀ ရက်အထိ သုံးပတ်တာ ကာလအတွင်း သေဆုံးသူ ၇၅ ဦးရှိသည်ဟု အဆိုပါအေဂျင်စီက ပြောသည်။ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက နေအိမ်၌ အသွားအလာကန့်သတ်မှုခံယူစဉ် သေဆုံးသူ ၅၆ ဦးရှိသည်။ တချို့သော လူသေဆုံးမှုများတွင် သေဆုံးပြီးမှသာ ရောဂါကူးစက်ခံထားရခြင်း ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည့် ဖြစ်စဉ်များရှိသည်ဟု အေဂျင်စီ ကပြောသည်။

မိမိအစီအစဉ်ဖြင့် အသွားအလာကန့်သတ်မှု ခံယူနေသူများ၏အခြေအနေကို အကဲခတ်ပြီး ရောဂါလက္ခဏာပြင်းထန်မှု ရှိမရှိ ထောက်လှမ်းသွားရန် ဒေသခံအစိုးရအချို့က လုပ်ဆောင်လျက်ရှိသည်။

နေအိမ်များသို့ သူနာပြုများစေလွှတ်၍ လူနာကိုစမ်းသပ်စေခြင်းနှင့် ဆရာဝန်များနှင့် သူနာပြုများ ဖြေကြားပေးနိုင်မည့် တယ်လီဖုန်းနံပါတ်များပေးထားခြင်း အစရှိသည်တို့ လုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင် အစ္စရေးသံရုံး ဖွင့်လှစ်လိုက်ကြောင်း ကြေညာ

**အဘူဒါဘီ ဇန်နဝါရီ ၂၅**

ယူအေအီးနိုင်ငံမြို့တော် အဘူဒါဘီတွင် အစ္စရေးသံရုံး ဖွင့်လှစ်လိုက်ကြောင်း ဇန်နဝါရီ ၂၄ ရက်တွင် အစ္စရေးနိုင်ငံဘက်မှ ပြောကြားသည်။

ပင်လယ်ကွေ့နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့အကြား ငြိမ်းချမ်းရေးနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်ရေးတို့အတွက် ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ပြီး အစ္စရေးနိုင်ငံ၏ နိုင်ငံတကာပုံရိပ်ကို အဆင့်မြှင့်တင်မည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂါဘီအက်ရှ်ကန်ဇီ က ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်ကလည်း အစ္စရေးနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် တဲလ်အဗစ်မြို့တွင် သံရုံးဖွင့်လှစ်ရန် ယူအေအီးအစိုးရအဖွဲ့ဝန်ကြီးများက သဘောထူထားပြီးဖြစ်ကြောင်း ယူအေအီးနိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်တွင် အမေရိကန်ပြည်ထောင်စုသည် အစ္စရေးနှင့် အာရပ်နိုင်ငံများအကြား ပုံမှန်ဆက်ဆံရေးထူထောင်နိုင်ရေးအတွက် ကြားဝင်စေ့စပ်ပေးခဲ့သည်။ အစ္စရေးနှင့် ယူအေအီးနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲမှုအပါအဝင် နှစ်နိုင်ငံစီးပွားရေး အပြန်အလှန်ဖလှယ်နိုင်ရေးအတွက် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အစ္စရေး၊ ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့သည် ၂၀၂၀ စက်တင်ဘာ ၁၅ ရက်က အိမ်ဖြူတော်တွင် အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၁၆ခုနှစ်နောက်ပိုင်း တူရကီနှင့် ဂရိနိုင်ငံတို့ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ဆွေးနွေးပွဲ ပြုလုပ်

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၅**

တူရကီနှင့် ဂရိနိုင်ငံတို့သည် တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်တွင် ဇန်နဝါရီ ၂၅ ရက်က ဆွေးနွေးပွဲစတင်ခဲ့သည်။

ငါးနှစ်ကြာဆက်ဆံရေး ကတောက်ကဆအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံတိုက်ရိုက် ဆွေးနွေးပွဲပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မြေထဲပင်လယ်အရှေ့ပိုင်းတွင် သဘာဝဓာတ်ငွေ့၊ ရေနံနှင့်ပတ်သက်ပြီး ရပိုင်ခွင့်များနှင့် ပင်လယ်ရေကြောင်း နယ်နိမိတ်သတ်မှတ်ချက်များကို အဓိကဆွေးနွေးရန် မျှော်လင့်ထားသည်။

ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် သံတမန်နည်းလမ်းအရ အဖြေရှာသွားနိုင်မည်ဟု နှစ်နိုင်ငံစလုံးက ယုံကြည်ချက်ရှိကြောင်း ထုတ်ဖော်ခဲ့ကြသည်။ မြေထဲပင်လယ်အတွင်းရှိ သယံဇာတအရင်းအမြစ်နှင့်ပတ်သက်ပြီး နှစ်နိုင်ငံအငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။ ၂၀၀၂ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း တူရကီနှင့် ဂရိနိုင်ငံတို့ကြား ဆွေးနွေးပွဲပေါင်း ၆၀ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကာကွယ်ဆေး ၆ ဒသမ ၅ သန်း တူရကီသို့ရောက်ရှိ

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၅**

တူရကီနိုင်ငံသည် တရုတ်နိုင်ငံ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဆီနိုဗက်မှ ထုတ်လုပ်သော ကိုဗစ် -၁၉ ကာကွယ်ဆေး ၆ ဒသမ ၅ သန်းကို ဇန်နဝါရီ ၂၅ ရက်က လက်ခံရရှိခဲ့သည်ဟု သိရသည်။

ကာကွယ်ဆေးများ သယ်ဆောင်လာသော တူရကီ ကုန်ပစ္စည်းတင်လေယာဉ်သည် အစ္စတန်ဘူလ်လေဆိပ်သို့ ဇန်နဝါရီ ၂၅ ရက်တွင် ဆိုက်ရောက်ခဲ့သည်ဟု သိရသည်။

ဆီနိုဗက်မှ ကာကွယ်ဆေးပေးပို့ခြင်း ဒုတိယအကြော့အဖြစ် ၁၀ သန်း ပေးပို့မည်ဖြစ်ရာ ယခုတစ်ကြိမ်ပေးပို့ခြင်းမှာ ယင်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်ဟု တူရကီကျန်းမာရေးဝန်ကြီး ဖာရင်တန်ကိုကာက ပြောသည်။

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

### ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစား နေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက် ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့် ပါသည်။

### ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

### ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှု အပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid–19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၂၅-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၇၀၃၉၈၇ | ၁၅၄၁၀၃၁၃ | ၄၂၈၄၉၉ |
| ၂။ | အိန္ဒိယ | ၁၀၆၆၈၆၇၄ | ၁၀၃၃၀၀၈၄ | ၁၅၃၅၀၈ |
| ၃။ | ဘရာဇီး | ၈၈၄၄၆၀၀ | ၇၆၅၃၇၇၀ | ၂၁၇၀၈၁ |
| ၄။ | ရုရှား | ၃၇၃၈၆၉၀ | ၃၁၅၀၇၆၃ | ၆၉၉၁၈ |
| ၅။ | ဗြိတိန် | ၃၆၄၇၄၆၃ | ၁၆၃၁၄၀၀ | ၉၇၉၃၉ |
| ၆။ | ပြင်သစ် | ၃၀၅၃၆၁၇ | ၂၁၆၉၆၅ | ၇၃၀၄၉ |
| ၇။ | စပိန် | ၂၆၀၃၄၇၂ | စိစစ်ဆဲ | ၅၅၄၄၁ |
| ၈။ | အီတလီ | ၂၄၆၆၈၁၃ | ၁၈၂၀၇၄ | ၈၅၄၆၁ |
| ၉။ | တူရကီ | ၂၄၂၉၆၀၅ | ၂၃၀၇၇၂၁ | ၂၅၀၇၃ |
| ၁၀။ | ဂျာမနီ | ၂၁၄၇၇၄၀ | ၁၈၂၃၅၀၀ | ၅၂၇၇၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၂၅ - ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၉၉၂၅၆ | ၈၀၉၄၈၈ | ၂၈၁၃၂ |
| ဖိလစ်ပိုင် | ၅၁၄၉၉၆ | ၄၇၅၄၂၂ | ၁၀၂၉၂ |
| မလေးရှား | ၁၈၆၈၄၉ | ၁၄၅၀၈၄ | ၆၈၉ |
| မြန်မာ | ၁၃၇၉၅၇ | ၁၂၂၁၁၆ | ၃၀၆၉ |
| စင်ကာပူ | ၅၉၃၅၂ | ၅၉၀၄၁ | ၂၉ |
| ထိုင်း | ၁၃၆၈၇ | ၁၀၆၆၂ | ၇၅ |
| ဗီယက်နမ် | ၁၅၄၉ | ၁၄၂၅ | ၃၅ |
| ကမ္ဘောဒီးယား | ၄၅၈ | ၄၀၉ | ၀ |
| ဘရူနိုင်း | ၁၇၅ | ၁၆၉ | ၃ |
| လာအို | ၄၄ | ၄၁ | ၀ |

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၂၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ | ကျပ် | ၆၉၅/၇၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ | ကျပ် | ၇၁၀/၇၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ | ကျပ် | ၆၉၀/၆၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၅ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၇ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၅ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၉၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၀ . ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၄၆၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၇၀၀ | ၉၇၀၀ | ၂၁၃၀ | ၂၀၆၆၁၂၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၁၃၀၉၆ | ၅၀၆၉၉၂၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၀၁၁ | ၈၂၉၀၂၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၈ | ၆၁၆၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၉၀ | ၂၄၃၀၀၀ |
| EFR | ၃၆၀၀ | ၃၅၅၀ | ၆၂၈ | ၂၂၅၈၃၀၀ |

ခင်ရတနာ - စုစည်းသည်




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်တွင်း ကာကွယ်ဆေးထုတ်လုပ်ခြင်းနှင့် အနာဂတ်အလားအလာ

*ဒေါက်တာဝင်းအောင်(သုတေသီ) ကာကွယ်ဆေးသုတေသန*

" ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏"ဟူသော ဆောင်ပုဒ်အရ လက်ရှိအချိန်ကာလတွင် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ရာ၌ ထိရောက်မှုအရှိဆုံးနှင့် အရင်းအနှီးနည်းပြီး အကျိုးအမြတ်များစွာ ရရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းသည် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဖြစ်သည်။ အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သုတေသနပြုလေ့လာတွေ့ရှိချက်အရ " ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၁၆ ဒေါ်လာနှင့် ညီမျှသောကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး ၄၄ ဒေါ်လာနှင့် ညီမျှသော လူမှုစီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း" မှတ်သားသိရှိရသည်။ လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်း ကူးစက်ရောဂါများကို ကာကွယ်မှုပေးနိုင်သော ထုတ်လုပ်အသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးအမျိုးပေါင်း ၃၀ ခန့်ရှိပြီး ယင်းတို့အနက်မှ အမျိုး ၂၀ ခန့်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ အသိအမှတ်ပြုထားပြီးဖြစ်သည်။

### ပြည်တွင်းကာကွယ်ဆေးထုတ်လုပ်မှု အခြေအနေ

မြန်မာနိုင်ငံတွင် Evans Medical Supplies Ltd., Liverpool of England အကူအညီဖြင့် ၁၉၅၄ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံဆေးဝါးစက်ရုံ(BPI) (ယခုမြန်မာ့ဆေးဝါးလုပ်ငန်း – စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)သည် ၁၉၅၇ မှ ၁၉၆၀ ပြည့်နှစ်များတွင် ကျောက်ရောဂါ၊ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ မေးခိုင်ရောဂါနှင့် ဆုံဆို့ရောဂါ ကာကွယ်ဆေးများကို ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ၁၉၆၀ မှ ၁၉၇၀ ပြည့်နှစ်များတွင် ခွေးရူးရောဂါ၊ ၁၉၇၀ မှ ၂၀၀၆ ခုနှစ်များတွင် ကြက်ညှာချောင်းဆိုးရောဂါနှင့် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ မျိုးရိုးဗီဇမှ ထုတ်လုပ်သော အသည်းရောင်အသားဝါဘီ ရောဂါကာကွယ်ဆေးများကိုလည်း ကျွမ်းကျင်ပညာရှင်များက ထပ်မံထုတ်လုပ်ပေးနိုင်ခဲ့သည်။

ထို့အတူ ၁၉၆၃ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ဆေးသုတေသနဌာန(ယခု ဆေးသုတေသန ဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)သည် ၁၉၇၅ မှ ၁၉၈၆ ခုနှစ်များအတွင်း မြွေပွေးကိုက်ရောဂါ ကာကွယ်ဆေး(Viper Venom Toxoid)ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ သို့သော် အဆိုပါ ကာကွယ်ဆေး၏ ဆေးထိုးပြီးထွက်ရှိသော ရောဂါကာကွယ်နိုင်သည့် ပဋိပစ္စည်း(antibody)သည် လူ၏ခန္ဓာကိုယ်အတွင်းတွင် တစ်လခွဲခန့်သာလျှင် ကာကွယ်နိုင်မှု အာနိသင်ပမာဏ ဆက်လက်ရှိနေခြင်းနှင့် ကာကွယ်ဆေးကို သာမန် အခန်းအပူချိန်တွင် သိုလှောင်ထားရှိမိပါကလည်း အန္တရာယ်ကင်းမှု လုံးဝပျက်စီးသွားနိုင်ခြင်းတို့ကြောင့် လူသားများတွင် ဆက်လက် ထိုးနှံခြင်း မပြုနိုင်ခဲ့ပါ။

၁၉၈၉ မှ ၁၉၉၆ ခုနှစ်များတွင် UNDP မှ ထောက်ပံ့မှုနှင့် အမေရိကန်နိုင်ငံ New York Blood Centre/CDC တို့မှ နည်းပညာကူညီမှုဖြင့် သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါဘီရောဂါ ကာကွယ်ဆေးကိုလည်းကောင်း၊ ၂၀၀၀ မှ ၂၀၀၆ ခုနှစ်များတွင် ကိုရီးယားသမ္မတနိုင်ငံ EDCF Loan ချေးငွေ ထောက်ပံ့မှုနှင့် Cheil JeDang Co., မှ နည်းပညာကူညီမှုဖြင့် မျိုးရိုးဗီဇမှ ထုတ်လုပ်သော အသည်းရောင်အသားဝါဘီရောဂါ ကာကွယ်ဆေးကိုလည်းကောင်း ဆေးသုတေသန ဦးစီးဌာန၏ သုတေသီပညာရှင်များက အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။

အထက်ပါ ကာကွယ်ဆေးကို မြန်မာနိုင်ငံ ပြည်သူများအား ထိုးနှံပေးနိုင်ရန်အတွက် ကာကွယ်ဆေး အမြောက်အမြား ဆက်လက်၍ ထုတ်လုပ်ရန် ၂၀၀၇ ခုနှစ်တွင် အဆင့်မြင့် ကာကွယ်ဆေးစက်ရုံ၊ ထုတ်လုပ်မှု နည်းပညာများနှင့် ကျွမ်းကျင်ဝန်ထမ်းများကို မြန်မာနိုင်ငံ ဆေးဝါးစက်ရုံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

### ကာကွယ်ဆေး ထုတ်လုပ်သည့် နည်းပညာနှင့် သိုလှောင်ထားရှိမှု

ထုတ်လုပ်သည့် ကာကွယ်ဆေးတိုင်းသည် ရောဂါကို ခုခံကာကွယ်နိုင်သည့် အာနိသင်(efficacy)၊ အန္တရာယ်ကင်းရှင်းမှု(Safety)နှင့် အရည်အသွေးပြည့်ဝမှု(Quality) များနှင့် ပြည့်စုံရပါမည်။ ကာကွယ်ဆေးထုတ်လုပ်ရာတွင် နည်းပညာအမျိုးမျိုးရှိသည်။ ပုံမှန်သမားရိုးကျနည်းပညာများဖြစ်သော ရောဂါပိုးအသေကို အသုံးပြုခြင်း၊ အင်အားချည့်နဲ့အောင် ပြုလုပ်ထားသည့် ရောဂါပိုးများကို



**" မြန်မာနိုင်ငံဆေးဝါးစက်ရုံ(BPI) (ယခုမြန်မာ့ဆေးဝါးလုပ်ငန်း - စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန )သည် ၁၉၅၇ မှ ၁၉၆၀ ပြည့်နှစ်များတွင် ကျောက်ရောဂါ၊ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ မေးခိုင်ရောဂါနှင့် ဆုံဆို့ရောဂါ ကာကွယ်ဆေးများကို ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ၁၉၆၀ မှ ၁၉၇၀ ပြည့်နှစ်များတွင် ခွေးရူးရောဂါ၊ ၁၉၇၀ မှ ၂၀၀၆ ခုနှစ်များတွင် ကြက်ညှာချောင်းဆိုးရောဂါနှင့် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ မျိုးရိုးဗီဇမှထုတ်လုပ်သော အသည်းရောင်အသားဝါဘီရောဂါ ကာကွယ်ဆေးများကိုလည်း ကျွမ်းကျင်ပညာရှင်များက ထပ်မံထုတ်လုပ်ပေးနိုင်ခဲ့"**

အသုံးပြုခြင်းနှင့် ရောဂါပိုး၏ အစိတ်အပိုင်းတစ်ခုခု( ဥပမာ– အပေါ်ယံလွှာပရိုတင်း)ကို အသုံးပြုခြင်းနှင့် နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာများဖြစ်သော အန္တရာယ်ကင်းသည့် Adeno ဗိုင်းရပ်စ်ပိုးကို ကြားခံအဖြစ် အသုံးပြုခြင်း၊ တိကျ၍ အန္တရာယ်ကင်းသော Recombinant DNA နှင့် messenger RNA ဗီဇနည်းပညာများကို အသုံးပြုခြင်းတို့ ဖြစ်သည်။

ပုံမှန်အားဖြင့် ကာကွယ်ဆေးအများစုကို အပူချိန် ၂ မှ ၈ ဒီဂရီစင်တီဂရိတ်တွင် သိုလှောင်ထားရှိရပါသည်။ တချို့သော ကာကွယ်ဆေး(ဥပမာ–ကိုဗစ်–၁၉) များကိုမူ အေးခဲလွန်သော အနုတ် ၁၅ မှ အနုတ် ၈၀ စင်တီဂရိတ်တွင်သာ သိမ်းဆည်းရပါသည်။ အချို့သော ကာကွယ်ဆေး (ဥပမာ–ဝက်သက်)များသည် အပူချိန်မြင့်လျှင် ပျက်စီးလွယ်တတ်ပြီး အချို့သော ကာကွယ်ဆေး(ဥပမာ– အသည်းရောင်အသားဝါဘီ)များသည် အေးခဲသွားပါက အာနိသင် လုံးဝပျက်စီးတတ်သည်။

### မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်း အစီအစဉ်

လက်ရှိကာလ မြန်မာနိုင်ငံ၏ ပုံမှန် ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်း အစီအစဉ်တွင် ပါဝင်သော ကူးစက်ရောဂါ ၁၃ မျိုးဖြစ်သည့် တီဘီ၊ အသည်းရောင်အသားဝါ ဘီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်၊ ပြင်းထန်အဆုတ်ရောင်၊ ပိုလီယို၊ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်၊ ရိုတာဝမ်းလျှောနှင့် သားအိမ်ခေါင်းကင်ဆာရောဂါများကို ကာကွယ်နိုင်ရန် နိုင်ငံတကာ အဖွဲ့အစည်း များ၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတော်ကကာကွယ်ဆေးများကို အခမဲ့ ကျခံ ထိုးနှံပေးလျက်ရှိသည်။

အထက်ပါအစီအစဉ်တွင် ကာကွယ်ဆေးများ ဝယ်ယူခြင်းအတွက် ကျသင့်သည့် ကုန်ကျငွေ၏ ၇၄ ရာခိုင်နှုန်းကို GAVI အဖွဲ့အစည်းက ပံ့ပိုးပေးလျက်ရှိပြီး ၂၆ ရာခိုင်နှုန်းကို နိုင်ငံတော်က ကျခံပေးသည်။ သို့သော် ၂၀၂၅ ခုနှစ် နောက်ပိုင်းကာလများတွင် ကျသင့်ငွေ၏ ၁၀၀ ရာခိုင်နှုန်းကို နိုင်ငံတော်ကသာ ကျခံရမည်ဟု သိရှိရသည်။ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် နောက်ပိုင်းကာလများတွင် အထက်ပါ ရောဂါ ၁၃ မျိုးအတွက် ကာကွယ်ဆေးများ ဆက်လက်ရရှိနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ယခုအချိန်ကတည်းက ကြိုတင် ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

### ကိုဗစ်–၁၉ ရောဂါနှင့် ကာကွယ်ဆေးများ လိုအပ်မှု

လက်ရှိအချိန်ကာလတွင် ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသော ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရန်အတွက် ကမ္ဘာ့နိုင်ငံများ(အထူးသဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် အိမ်နီးချင်းဖွံ့ဖြိုးဆဲ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ အပါအဝင်)သည် ကိုဗစ်–၁၉ ကာကွယ်ဆေးကို အပူတပြင်း အမြန်ဆုံး ကြိုးပမ်းထုတ်လုပ်လျက်ရှိပြီး အချို့သောနိုင်ငံများတွင် ပြည်သူများအား စတင်ထိုးနှံပေးလျက်ရှိနေသည်။ ပြည်ပနိုင်ငံများမှ လက်ရှိထုတ်လုပ်လျက်ရှိသော၊ ရရှိနေသော ကိုဗစ်ကာကွယ်ဆေးများမှာ ကမ္ဘာတစ်ဝန်း နိုင်ငံများ၏ ဝယ်လိုအားကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါ။ ဖွံ့ဖြိုးပြီးနိုင်ငံများမှလည်း ယင်းတို့ ကိုယ်တိုင်ထုတ်လုပ်သော ကာကွယ်ဆေးများကို ယင်းတို့၏ နိုင်ငံသားများကို ဦးစားပေးထိုးနှံပေးလျက်ရှိခြင်း၊ ထုတ်လုပ်မှုပမာဏ နည်းပါးခြင်း၊ လိုအပ်မှုအား များလွန်းခြင်း၊ သိုလှောင်သိမ်းဆည်းနိုင်မှု ခက်ခဲခြင်းနှင့် ကာကွယ်ဆေး၏တန်ဖိုး ကြီးမြင့်ခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးကို စောစီးစွာ လက်ဝယ်ရရှိနိုင်ရန် အခက်အခဲများ ရှိနေကြသည်။

နောင်တစ်ချိန် အနာဂတ်ကာလတွင် ယခုကဲ့သို့ ကူးစက်ကပ်ရောဂါများ ရုတ်တရက် ထပ်မံဖြစ်ပွားလာပါက မိမိနိုင်ငံမှ ပြည်သူများအား ရောဂါကာကွယ်မှု အမြန်ဆုံးပေးနိုင်ရန်အတွက် ပြည်ပနိုင်ငံများမှ ထုတ်လုပ်သော ကာကွယ်ဆေးများအပေါ် မှီခိုအားထားခြင်းမပြုဘဲ လိုအပ်သော ကာကွယ်ဆေးများကို မိမိနိုင်ငံတွင်း မိမိနိုင်ငံရှိ ကျွမ်းကျင်ပညာရှင်များက သုတေသနပြု ထုတ်လုပ်နိုင်ရန် အတွက်လည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။

### အနာဂတ်ကာလ ရောဂါကာကွယ်ဆေးများ ရယူနိုင်သည့် နည်းလမ်းများ

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေလိုအပ်သော ရောဂါကာကွယ်ဆေးများကို ကုန်ကျစရိတ် အသက်သာဆုံးနှင့် အလွယ်ကူဆုံး၊ အမြန်ဆုံးရရှိအောင် အောက်ပါနည်းလမ်းများဖြင့် ထုတ်လုပ်ရယူလျက်ရှိကြောင်း လေ့လာသိရှိရသည်။

(၁) ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့် ကာကွယ်ဆေးများကို သက်ဆိုင်ရာနိုင်ငံ/ဆေးဝါးကုမ္ပဏီများမှ အထူးသက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိခြင်း။

(၂) ဖွံ့ဖြိုးပြီးနိုင်ငံ အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီထောက်ပံ့မှုဖြင့် ကာကွယ်ဆေးများကို လက်ခံရယူခြင်း။

(၃) လက်ရှိ ကာကွယ်ဆေးထုတ်လုပ်မှုပြုနေသော ကမ္ဘာ့ဆေးဝါးကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ ကာကွယ်ဆေးထုတ်လုပ်မှုကို ပြည်ပပညာရှင်များနှင့်ပူးတွဲ၍ ပြည်တွင်း၌ ဆောင်ရွက်ခြင်း။

(၄) ကာကွယ်ဆေးထုတ်လုပ်သည့် နိုင်ငံ /ဆေးဝါးကုမ္ပဏီများမှ ကာကွယ်ဆေးထုတ်လုပ်သည့် နည်းပညာ သုံးစွဲခွင့်ပြုလိုင်စင်/ ကူညီထောက်ပံ့မှု/ လွှဲပြောင်းပေးမှုရယူ၍ မိမိနိုင်ငံ ပြည်တွင်းတွင် ကိုယ်တိုင် အဆင့်ဆင့်ထုတ်လုပ်ခြင်းနှင့်

(၅) ကာကွယ်ဆေးထုတ်လုပ်ရန် လိုအပ်သည့် ကုန်ကြမ်းများ( Master Cell Bank အပါအဝင်)နှင့် အသုံးပြုမည့် စက်ကိရိယာ/ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းမှသည် နည်းပညာအသုံးပြု ကာကွယ်ဆေးထုတ်လုပ်မှု အဆင့်ဆင့်ကို ပြည်တွင်း၌ ကိုယ်တိုင်မဆောင်ရွက်ဘဲ အခြားနိုင်ငံရှိ ကာကွယ်ဆေးထုတ်လုပ်သော ဆေးဝါးစက်ရုံမှ နောက်ဆုံးအဆင့်တွင် ထုတ်လုပ်ရရှိထားသော သန့်စင်ထားသည့်ဆေးရည်(Purified Bulk) (သို့မဟုတ်) အဆင်သင့် ချက်ချင်း အသုံးပြုနိုင်သည့် အသင့်သွင်းဆေးရည် (Final Bulk/ Ready–to–Fill) ကာကွယ်ဆေးများကို ထိုက်သင့်သက်သာသော တန်ဖိုးဖြင့် ဝယ်ယူပေးချေပြီး နောက်ဆုံးအဆင့် ပုလင်း သွင်းထုပ်ပိုးခြင်း(Finished Product )ကိုသာလျှင် ပြည်တွင်းရှိ ဆေးဝါးစက်ရုံတွင် ဆောင်ရွက်၍ ဖြန့်ဖြူးခြင်းတို့ ဖြစ်သည်။

ထို့အပြင် ပြည်တွင်းပုဂ္ဂလိက ဆေးဝါးထုတ်လုပ်မှုနှင့် တင်သွင်းမှု အခန်းကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ အားပေးမြှင့်တင်ပေးရန် လိုအပ်မည်ဖြစ်သည်။

### ပြည်တွင်းကာကွယ်ဆေးထုတ်လုပ်မှု ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ

မိမိနိုင်ငံတွင် အဆင့်မြင့် ကာကွယ်ဆေးများကို ပြည်တွင်း၌ ကိုယ်တိုင်ထုတ်လုပ်မည်ဆိုပါက ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်(Good Manufacturing Practice–GMP)နှင့်အညီ ထုတ်လုပ်မှုပြုနိုင်မည့် GMP အဆင့်မီ ဆေးဝါးစက်ရုံအပြင် အဓိကလိုအပ်သည့် 4Ms ဖြစ်သော အသုံးပြုမည့် အရည်အသွေးပြည့် ကုန်ကြမ်းပစ္စည်းများ ( Materials)၊ အဆင့်မြင့်စက်ကိရိယာများ/ပစ္စည်းများ (Machines)၊ ထုတ်လုပ်မှု အဆင့်မြင့်နည်းပညာ(Methods) များနှင့် လုပ်ငန်းကျွမ်းကျင်ဝန်ထမ်းများ(Men) ကိုလည်း လုံးဝလိုအပ်မည်ဖြစ်သည်။

ဖော်ပြပါ ဝန်ထမ်းများသည်လည်း ကာကွယ်ဆေးဆိုင်ရာ ပညာရပ်(Educational Qualification) ပြည့်စုံသော၊ ကာကွယ်ဆေးထုတ်လုပ်မှု အတွေ့အကြုံ (Experience)ရှိသော၊ လေ့ကျင့်သင်ကြားမှု(Training)ပြုထားသော ကျွမ်းကျင်(Skilled)ဝန်ထမ်းများ ဖြစ်ရပါမည်။

ထို့ကြောင့် မိမိနိုင်ငံရှိ လူသားအရင်းအမြစ် လက်ရှိပညာရှင်များ၏ စွမ်းဆောင်ရည် မြင့်မားစေရန်နှင့် အတွေ့အကြုံ အလေ့အကျင့်များ ရရှိစေရန်အတွက် ပြည်တွင်းတွင် ကာကွယ်ဆေးနှင့် ပတ်သက်သော အခြေခံနှင့် အသုံးချ သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်စေခြင်း၊ နိုင်ငံတကာတွင် ပြုလုပ်သော ကာကွယ်ဆေးသုတေသန/ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော အစည်းအဝေးများ၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများ ၊ အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များသို့ ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင် သုတေသီများကို စဉ်ဆက်မပြတ်စေလွှတ်ခြင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများရှိ အဆင့်မြင့် ကာကွယ်ဆေးစက်ရုံများတွင် ထုတ်လုပ်မှုနည်းပညာများကို လုပ်ငန်းခွင် လေ့လာသင်ကြားစေခြင်းတို့ကို ပြုလုပ်ပေးသင့်ပါသည်။ ထို့ပြင် ပြည်တွင်းတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကာကွယ်ဆေးပညာရပ်ဆိုင်ရာ အွန်လိုင်းသင်တန်းများ ပေးခြင်းနှင့် အသုံးချဘွဲ့လွန်ဒီပလိုမာ သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် ကလေးငယ်များအပါအဝင် ပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အထူးလိုအပ်ပြီး မိမိနိုင်ငံ၏အနာဂတ်ကာလတွင် နိုင်ငံ၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် ဆက်လက်လိုအပ်နေဦးမည့် ကူးစက်ရောဂါကာကွယ်ဆေးများကို ကုန်ကျမှုအသက်သာဆုံးဖြင့် အလွယ်တကူ စဉ်ဆက်မပြတ် ဆက်လက်ရရှိသွားနိုင်ရေးနှင့် အချိန်နှင့် တစ်ပြေးညီရရှိနိုင်ရေးအတွက် ယခုကတည်းက ဆောင်ရွက်ထားရှိသင့်သည်များကို ဆေးသုတေသန ဦးစီးဌာနတွင် တစ်ချိန်ကအသည်းရောင်အသားဝါရောဂါဘီကာကွယ်ဆေးကို အောင်မြင်စွာ ထုတ်လုပ်ပေးနိုင်ခဲ့သောအဖွဲ့၌ တစ်ထောင့်တစ်နေရာမှတက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူ အဖွဲ့ဝင်သုတေသီတစ်ဦးအနေဖြင့် မိမိလေ့လာတွေ့ကြုံ သိရှိသည်များကို ဤဆောင်းပါးဖြင့် မျှဝေအကြံပြု တင်ပြလိုက်ရပါသည်။ ။

# ဂျပန်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရန်အတွက် ဂျပန်နိုင်ငံ၏ အထောက်အပံ့ စီမံကိန်းအရ ကုလသမဂ္ဂ စီမံကိန်း ဝန်ဆောင်မှုရုံး(UNOPS)နှင့် ပူးပေါင်းကာ ဝယ်ယူထားသော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း ကိရိယာများဖြစ်သည့် Medical Waste Disposal Equipment ၁၀ လုံး၊ centrifuges သုံးလုံးနှင့် Autoclave လေးလုံးတို့ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးမှုအထောက်အပံ့ပေးရေးဌာနမှ သံမှူး Mr. Takimi Kazuyuki က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်က လက်ခံယူသည်။

ယနေ့လှူဒါန်းမှုသည် စီမံကိန်းအရ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူ့ ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနများနှင့် ပြည်သူ့ဆေးရုံကြီးများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

အလားတူ အဆိုပါ အထောက်အပံ့ စီမံကိန်းအရ ပထမအကြိမ် ထောက်ပံ့လှူဒါန်းမှုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာတွင် ပြုလုပ်ခဲ့ပြီး PCR စက်များ၊ PCR နည်းပညာဖြင့် စစ်ဆေးမှုအတွက် လက်ပ်တော့ကွန်ပျူတာများ၊ PCR Test Kits၊ RNA extraction kits နှင့် molecular biological grade ethanol ဓာတ်ခွဲပစ္စည်းများ (Reagents)၊ အထူးကြပ်မတ်ကုသဆောင် (ICU Facilities) များအတွက် power supply units နှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများအတွက် generator များကို အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။ (ယာပုံ)

ထို့အတူ လူနာတင်ယာဉ်များ၊ Test Kits၊ mobile X-Ray၊ Medical Monitor နှင့် Pulse oximeter စသည်တို့ကိုလည်း ဆက်လက် ထောက်ပံ့လှူဒါန်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ဇော်ကြီး**




# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသဘော်သားများ အလှည့်ကျ ဝန်ထမ်းပြောင်းလဲခြင်း အကူအညီပေးရေးကော်မတီ (CCSC) မှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ဝဲပုံ)



အဆိုပါ ကယ်ဆယ်ရေး လေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၅၅ ဦး၊ ဟောင်ကောင်မှ လေးဦး၊ တူရကီမှ တစ်ဦး၊ စပိန်မှ တစ်ဦး၊ ဖိလစ်ပိုင်မှ နှစ်ဦး၊ ဘရာဇီးမှ ခုနစ်ဦး၊ စင်ကာပူမှ သုံးဦး၊ အီဂျစ်မှ လေးဦး၊ ဗီယက်နမ်မှ တစ်ဦး၊ မလေးရှားမှ နှစ်ဦး၊ ကနေဒါမှ တစ်ဦး၊ ထိုင်းမှ တစ်ဦး၊ ပါကစ္စတန်မှ တစ်ဦးနှင့် အင်ဒိုနီးရှားမှ ၂၉ ဦး မြန်မာသဘော်သား စုစုပေါင်း ၁၁၂ ဦး လိုက်ပါကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သက်ဆိုင်ရာ သဘော်ကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၄ မှ*

| | | |
|---|---|---|
| ၄၃၇ | ကျော်စောနိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၃၈ | ဒေါ်ကေဇင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၃၉ | ဒေါ်ခင်မျိုးအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၀ | ဒေါ်မြသောင်း၊ ဒေါ်ခင်မြင့်ကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄၄၁ | ဦးကျော်နိုင်ထွန်း+ဒေါ်စောအိငြိမ်းဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၄၄၂ | ဦးဝင်း+ဒေါ်ချိုချို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၃ | ဦးဝင်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၄ | ဒေါ်ဇင်မိုးထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၄၅ | ဦးသက်လွင်+ ဒေါ်ခင်မာကြူ မိသားစု (ဗဟန်းမြို့နယ်) | ၃၀,၀၀၀,၀၀၀ |
| ၄၄၆ | ဦးအောင်မြင့်မြတ်(KS)၊ ဒေါ်နိုင်ချိုသင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၄၇ | ဒေါ်နိုင်ချိုသင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၄၈ | မိဝတ်ရည်သစ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၄၉ | ဦးကျော်မိုးထက် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆၀,၀၀၀ |
| ၄၅၀ | ဦးကျော်ညွန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၅၁ | ဦးကျော်စိုး၊ ဒေါ်ဝင်းကြည်၊ မခိုင်နှင်းဝေ၊ ကိုဖြိုးမင်းကျော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၂၃၀,၀၀၀ |
| ၄၅၂ | ဦးဘဆင့်+ဒေါ်သက်သက်နွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၅၃ | ယုဇနထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၅၄ | ဦးအောင်အောင်+ဒေါ်မိုးစန်းမိုး မိသားစု(မြင်းခြံမြို့) | ၁၀,၀၀၀,၀၀၀ |
| ၄၅၅ | ဒေါ်ဝေဝေမြိုင် မိသားစု (မြဝတီမြို့) | ၁,၀၀၀,၀၀၀ |
| ၄၅၆ | ဦးမြင့်မောင်မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၅၇ | ဒေါ်စန်းမေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၅၈ | ဦးကျော်စန်းဝင်း+ဒေါ်ခင်မြသိန်းသိန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၅၉ | ဦးဝေချစ်ဖြိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၁၀,၀၀၀ |
| ၄၆၀ | ဒေါ်ဝင်းစန္ဒာ(အညာထမင်းဝိုင်း) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၆၁ | ဦးသန်းဝင်း+ဒေါ်စန်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၆၂ | Sri First Co., Ltd. & Staffs Daw Khin Myo Chit (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၇၀၀,၀၀၀ |
| ၄၆၃ | ဒေါ်ဖြိုးဖြိုးသန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၆၄ | ဒေါ်သန်းသန်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၆၅ | ဒေါ်အေးရီ (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၄၆၆ | ဦးကောင်းဟန်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၆၇ | ဒေါ်ခင်ဆွေယု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၆၈ | SST Tourism (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၄၆၉ | ဦးခင်မောင်ဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၄၇၀ | ဒေါ်လင်းလင်းခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၁ | ဦးအေးမင်းသန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၂ | ဒေါ်ဖွန်လေးဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၄၇၃ | ဓမ္မဝိဟာရီ(ပတ္တမြား) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၄၇၄ | ဒေါ်သန်းသန်းဌေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၄၇၅ | ဒေါ်ခင်မမကြီး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၄၇၆ | ဦးကြည်စိုး+ဒေါ်ဥမ္မာစိုး၊ ဒေါက်တာစိုးလပြည့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| | ၁၄-၁-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၁,၁၄၆,၅၁၁,၈၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာ ဖော်ပြထားခြင်းဖြစ်ပါသည်။

( ခ ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**



# ဆင်မွေးကျေးရွာရှိ အများသုံးရေကန်အတွင်း အဆိပ်ခတ်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**သပိတ်ကျင်း ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဆင်မွေးကျေးရွာရှိ အများသုံးရေကန်အတွင်းမှ ရေကို သောက်သုံးမိ၍ အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်စဉ်တွင် အဆိပ်ခတ်သူ နှစ်ဦးကို ဖမ်းဆီးရမိကြောင်း သပိတ်ကျင်းမြို့ မြို့မရဲစခန်းမှ ယနေ့ညနေပိုင်းက စုံစမ်းသိရှိရသည်။

သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဆင်မွေးကျေးရွာတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၁ ရက်က အများသုံးရေကန်အတွင်းမှ ရေကိုသောက်သုံးမိ၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်ကြောင့် သပိတ်ကျင်းမြို့ မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၄၁/၂၀၂၀ ဖြင့် ရေးဖွင့်စုံစမ်းစစ်ဆေးခဲ့ပြီး ရေကန်အတွင်းမှ ရေကို ဓာတုဗေဒဝန်ရုံးတွင် ပေးပို့စစ်ဆေးခဲ့ရာ ဆိုင်ရာနိုက် စမ်းသပ်တွေ့ရှိရ၍ လူတစ်ဦး တစ်ယောက်အား အသက် သေစေရန် အကြံဖြင့် အဆိပ်ခတ်သူကို အရေးယူပေးရန် သပိတ်ကျင်းမြို့ မြို့မရဲစခန်း၌ (ပ)၁၃/၂၀၂၁၊ ရာဇ သတ်ကြီးပုဒ်မ ၃၀၂/၃၂၈ ဖြင့် ပြောင်းလဲဖွင့်လှစ်သည်။ အဆိုပါအမှုအား ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်ဇော်မြင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးအောင်ကျော်ဦးနှင့်အဖွဲ့၊ သပိတ်ကျင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွဋ်ဦးရှိန်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်မိုးဇော်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ ရေကန်အတွင်း အဆိပ်ချသူ မင်းခန့်မောင်နှင့် ၎င်းအား စေခိုင်းသူဝင်းနိုင်တို့ကို စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိပြီး ဆက်လက်စစ်ဆေးရာ ပြစ်မှုကျူးလွန်သူ မင်းခန့်မောင်က မိမိသဘောဆန္ဒအလျောက် ဇန်နဝါရီ ၂၅ ရက်တွင် သပိတ်ကျင်းမြို့ မြို့နယ်တရားရုံး၌ ဖြောင့်ချက်ပေးခဲ့သည်။

အဆိုပါအမှုနှင့် ပတ်သက်၍ သပိတ်ကျင်းမြို့ မြို့မရဲစခန်းမှ အမှုအား အမြန်တရားစွဲတင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရုတ်နိုင်ငံ၌ကျင်းပသည့် ဖိတ်ခေါ် 8 Ball ပြိုင်ပွဲတွင် အားတီ ဗိုလ်စွဲ

**ရန်ကုန် ဇန်နဝါရီ ၂၅**

တရုတ်နိုင်ငံ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် Yon Le Hui Club Open ဖိတ်ခေါ် 8 Ball ပြိုင်ပွဲတွင် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဗိုလ်စွဲခဲ့သည်။

ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် နောက်ဆုံးအဆင့်မှ စတင်ကစားရပြီး ပြိုင်ပွဲတစ်လျှောက် လက်စွမ်းပြကာ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ပြိုင်ပွဲတစ်လျှောက် တရုတ်ကစားသမားများနှင့် တွေ့ဆုံခဲ့ပြီး ဗိုလ်လုပွဲတွင် ကောင်ကျန်ဝူကို ၁၁-၉ ပွဲဖြင့် အနိုင်ရကာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သောကြောင့် ဆုကြေးအဖြစ် မြန်မာငွေကျပ်သိန်း ၆၀ နှင့် ညီမျှသည့် ပမာဏရရှိခဲ့သည်။

ဘုန်းမြင့်ကျော်သည် ယခုလအတွင်း ပြိုင်ပွဲသုံးခုယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲနှစ်ခု၌ ချန်ပီယံဆုရယူနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဒုတိယအကြိမ်မြောက်ရရှိသည့် ချန်ပီယံဆုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

**ညီမြတ်သော်တာ**



# ပခုက္ကူမြို့ စက်မှုဇုန်၌ မီးလောင်မှုဖြစ်ပွား

**ပခုက္ကူ ဇန်နဝါရီ ၂၅**

ပခုက္ကူမြို့ စက်မှုဇုန် ၄ လမ်းနှင့် ၅ လမ်းကြား (ရေစကြိုလမ်းအနောက်ဘက်) ၌ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားသည်။

အဆိုပါ မီးလောင်မှုကြောင့် စက်မှုဇုန် ၅ လမ်းနေ ပိုင်ရှင် ဦးမျိုးဇော်ဦး၏ ပဲခွဲစက်တစ်လုံး၊ ဦးမျိုးဇော်ဦးနှင့်ဦးဖိုးဆယ်တို့၏ ပေ ၅၀၊ ၂၅ ပေရှိ သွပ်မိုး၊ ထရံကာ မြေစိုက်အဆောက်အအုံ နှစ်လုံး၊ ဦးဖိုးငွေ ပိုင်ဆိုင်သော ပေ ၂၀၊ ၁၀ ပေရှိ သွပ်မိုး၊ ထရံကာ မြေစိုက်ယာယီတဲတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလွင်ကိုလတ်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မီးသတ်ကားနှင့် ရေသယ်ယာဉ် ၁၄ စီး၊ အုပ်ချုပ်မှုနှင့် အထောက်အကူပြုယာဉ် နှစ်စီးတို့ဖြင့် စုပေါင်းငြိမ်းသတ်ကြသည်။

မီးလောင်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

# မြန်မာကလပ်များယှဉ်ပြိုင်မည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ မဲခွဲပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်မည့် ၂၀၂၂ အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲ မဲခွဲပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် မဲခွဲပွဲကို အွန်လိုင်းမှ ပြုလုပ်သွားမည်ဖြစ်ကာ မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။ ၂၀၂၀ MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်အကြို ခြေစစ်ပွဲအဆင့်မှစတင်ကစားရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်မြင်ပါက AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် AFC Cup ပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်၍ ခြေစစ်ပွဲအောင်မြင်ပါက အုပ်စုအဆင့်တွင် တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အုပ်စုမဲခွဲမှုများအပြင် ခြေစစ်ပွဲအဆင့် အကြိုခြေစစ်ပွဲနှင့် Play-off ပွဲစဉ်များကို တစ်ပေါင်းတည်း မဲခွဲထုတ်ပြန်မည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲအဆင့်တွင် သုံးကြိမ်မြောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ကာ ဟံသာဝတီအသင်းမှာမူ အာရှအဆင့်ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# မုဒုံမြို့နယ် ကျိုက်ကာကျေးရွာတွင် အမှိုက်မီးရှို့ရာမှ မီးလောင်မှုဖြစ်

**မုဒုံ ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ် ကျိုက်ကာကျေးရွာတွင် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က အမှိုက်များ မီးရှို့ရာမှ အနီးရှိရော်ဘာစိုက်ခင်းသို့ မီးကူးစက်လောင်ကျွမ်း၍ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောစိုးစိုးမြင့် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ် ၂၀၊ မြို့နယ်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် ကျေးရွာနေပြည်သူများက မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ရာ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ မုဒုံမြို့နယ် နိုင်လုံကျေးရွာအုပ်စု နိုင်လုံကျေးရွာနေ ဦးမြင့်ဝေသည် ၎င်း၏ ရော်ဘာခြံတွင် အမှိုက်များ မီးရှို့ရာမှ အနီးရှိရော်ဘာစိုက်ခင်း ဧက ၂၀ ကျော် ရော်ဘာပင်ပေါင်း ၄၀၀၀ ကျော်ခန့် မီးလောင်ခံရပြီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ခြံရှင်ကို မုဒုံမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**အောင်မျိုးသူ(မုဒုံ)**



● *ကျောဖုံးမှ*

ဂျိမ်းမီနာတို့ ပါဝင်ခဲ့ကာ ပွဲထွက်လူစာရင်းတွင် မာနေးကို နည်းပြဂျာဂျန်ကလော့က ချန်ထားခဲ့သည်။ ပထမပိုင်း ပွဲချိန် ၁၈ မိနစ်တွင် တိုက်စစ်မှူး ဆာလက်က လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်း ၂၆ မိနစ်တွင် ဂရင်းဝုဒ်က မန်ယူအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းအစ ပွဲချိန် ၄၈ မိနစ်တွင် ရက်ရှ်ဖို့ဒ်က မန်ယူအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့ပြီး ၅၈ မိနစ်တွင် လီဗာပူးအတွက် ချေပဂိုးကို ဆာလက်က သွင်းယူပေးခဲ့သည်။ မန်ယူအတွက် အဖိုးတန်အနိုင်ဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် လူစားဝင်လာသော ဘရူနိုဖာနန်ဒက်စ်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်သွင်းယူပေးခဲ့သည်။ ယနေ့ပွဲတွင် လီဗာပူးက ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ နှစ်သင်းစလုံး ၁၄ ကြိမ်စီရရှိခဲ့ကာ ခြောက်ကြိမ်စီ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ယင်းနှစ်သင်းသည် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ် ပထမအကျော့အဖြစ် အန်ဖီးလ်ကွင်း၌ ဇန်နဝါရီ ၁၇ ရက်က ယှဉ်ပြိုင်ခဲ့စဉ် ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးထားပြီး နောက်ဆုံးတွေ့ဆုံမှု ပြိုင်ပွဲစုံ ၂၉ ပွဲရလဒ်တွင် မန်ယူက ၁၃ကြိမ်အနိုင်ရရှိထားကာ ရှစ်ကြိမ် သရေနှင့် ရှစ်ကြိမ်ရှုံးနိမ့်ထားသည်။

အက်ဖ်အေဖလား စတုတ္ထအဆင့် အခြားပွဲစဉ်ရလဒ်များအဖြစ် မန်စီးတီးက ချာတန်ဟမ်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ချယ်ဆီးက လူတန်တောင်းကို သုံးဂိုး-တစ်ဂိုး၊ လက်စတာက ဘရန့်ဖို့ဒ်ကို သုံးဂိုး-တစ်ဂိုး၊ ဘန်လေက ဖူလ်ဟမ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဇန်နဝါရီ ၂၅ ရက် နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် အဲဗာတန်နှင့် ရက်ဖီးလ်ဝမ်းနက်စ်ဒေးပွဲတွင် အဲဗာတန်က သုံးဂိုး-ဂိုးမရှိဖြင့် အိမ်ကွင်း၌ ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အဲဗာတန်အတွက် သွင်းဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် လီဝင်၊ ၅၉ မိနစ်တွင် ရစ်ချာလီဆန်နှင့် ၆၂ မိနစ် ယာရီမီနာတို့က သွင်းယူခဲ့ကြသည်။

**သီဟ**

❁ *ကျောဖုံးမှ*

အင်တာမီလန်အသင်းသည် စီးရီးအေပွဲစဉ် ၁၉ တွင် အူဒီးစ်နိစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမရှိသရေကျထားသည်။ အေစီမီလန်အသင်းက ပွဲစဉ် ၁၉ တွင် အတ္တလန္တာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

အင်တာမီလန်အသင်းသည် ကိုပါအီတာလီယာဖလားကို ၂၀၁၀-၁၁ ခုနှစ်က နောက်ဆုံး ဆွတ်ခူးထားပြီး အေစီမီလန်အသင်းကလည်း ၂၀၀၂-၀၃ ခုနှစ်က နောက်ဆုံးဆွတ်ခူးထားသည်။ စီးရီးအေအမှတ်ပေးဇယားအဆင့် (၁) နှင့် (၂) တို့ တွေ့ဆုံနေသည့်အတွက်လည်းကောင်း၊ အောင်မြင်မှုနှင့် ဝေးကွာနေသည့် အသင်းနှစ်သင်းဖြစ်သည့်အတွက်လည်းကောင်း ပွဲမှာအကြိတ်အနယ်ရှိလာမည်ဖြစ်သည်။

အင်တာမီလန်အသင်းတွင် ဒဏ်ရာရကစားသမားအနေဖြင့် အမ်ဘရိုစီယိုတစ်ဦးသာရှိနေပြီး နည်းပြကွန်တီအနေဖြင့် အင်အားအတောင့်တင်းဆုံးပုံစံကို ရွေးချယ်ကာ အေစီမီလန်အသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ အေစီမီလန်အသင်းတွင် ဒဏ်ရာရနေသည့် ဂတ်ဘီယာ၊ ဘင်နာဆာနှင့် ခရူနစ်တို့အနေဖြင့် ယခုပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေသည်။ ထို့အပြင် ကယ်ဟန်နိုလူသည်လည်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံထားရသည့်အတွက် ယခုပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေသည်။ သို့သော်လည်း နည်းပြ ပီအိုလီအနေဖြင့် အသင်း၏အတောင့်တင်းဆုံးပုံစံဖြင့် အင်တာမီလန်အသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။

ယခုပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းအနေဖြင့် ဇန်နဝါရီ ၂၈ ရက် နံနက်တွင် ယှဉ်ပြိုင်ကစားမည့် ဂျူဗင်တပ်စ်နှင့် SPAL အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## စစ်ပင်ကွင်းကျေးရွာ ကွန်ကရစ်လမ်းနှင့် တံတားဖွင့်ပွဲ ကျင်းပ

**သန်လျင် ဇန်နဝါရီ ၂၅**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်စစ်ပင်ကွင်းကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးရွာအဝင် ကွန်ကရစ်လမ်းနှင့် တံတားဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကျေးရွာအဝင်မုခ်ဦးထိပ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအဝင်ကွန်ကရစ်လမ်းသစ်ကို ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ သန်လျင်မြို့နယ်အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်ထွန်းနှင့်မြို့မိမြို့ဖဦးဟန်ညွန့်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ ကျေးလက်ဖွံ့ဖြိုးရေးကျေးရွာအဝင်လမ်းကို သန်လျင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ပြည်သူ့အလင်းရောင်မိသားစုကုမ္ပဏီကတာဝန်ယူဆောင်ရွက်ခဲ့ကာအရှည်ပေ ၃၂၅၀၊ အကျယ် ၁၂ ပေရှိပြီး ကျေးလက်နေပြည်သူများ ရာသီမရွေးသွားနိုင်တော့မည်ဖြစ်သည်။

**သန်းဝင်း(သန်လျင်)**



## ကိုဗစ်ကာလ ပြည်တွင်းဆန်ချောဈေး လက်လီ၊ လက်ကားဈေးကွက် ကျဆင်း

**ရန်ကုန် ဇန်နဝါရီ ၂၅**
ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ပြည်တွင်း ဆန်ချောအရောင်းအဝယ်မှာ ပုံမှန်အရောင်းအဝယ်ကာလထက် သုံးချိုး တစ်ချိုးအထိ ကျဆင်းနေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) မှ သိရသည်။

"ပြည်တွင်း လက်လီ ဆန်ဈေးကွက်မှာက အခုလို လလယ်ပိုင်းဆို ဈေးကွက်အေးသွားပြီ၊ လဆန်းရက်နဲ့ လကုန်ရက်ဆို ဘိုကလေး ပေါ်ဆန်းက တစ်အိတ်ကို ၃၂၀၀၀ကနေ ၃၃၀၀၀၊ မြောင်းမြပေါ်ဆန်းက ၃၅၀၀၀ ကနေ ၃၇၀၀၀ အထိ၊နောက်ပေါ်ဆန်းအုပ်စုက မွှေးကြီးက ၂၆၅၀၀ ကနေ ၂၇၀၀၀ အထိ၊ ကျားပျံဆန်သစ်က ၃၄၀၀၀ ကနေ ၃၆၅၀၀အထိ၊ ရွှေဘိုပေါ်ဆန်းအသစ်က ၄၄၀၀၀ ကနေ ၄၅၀၀၀အထိ၊ မြန်မာပြည်မှာထွက်တာက ရွှေဘိုပေါ်ဆန်းက အမြင့်ဆုံး။ ဝါးတန်းလမ်းမှာက ဆန်ချောတွေပဲ အခုတစ်လပိုင်းကနေ သုံးလပိုင်းအထိ ဆန်ချောဝယ်တဲ့ရာသီပဲ။ သုံးလပိုင်းမှာ အကြမ်းအသစ်ထွက်တာ။ လက်ရှိအကြမ်းဈေးက ရှေ့လထက်စာရင် တစ်အိတ်ကို ကျပ်၅၀၀မှ တစ်ထောင် တက်သွားတယ်။ သဘော်တင်လေးတွေရှိတယ်။ ဧည့်မထဆန်ကတော့ ပြည်တွင်း စားသုံးမှုထက် အိတ်စပို့စ်တင်ပို့တာပိုများတယ်။ နံ့စားအသစ်တစ်အိတ်ကို ၂၄၀၀၀ ကနေ ၂၄၅၀၀ အထိရှိပါတယ်။ တစ်နေ့ကို တနင်္လာကနေ သောကြာနေ့အထိမှာ ဖွင့်ရက်တစ်ရက်ကို ဆန်အိတ် လေးသောင်းလောက် အရောင်းအဝယ်ဖြစ်ပါတယ်။ ကိုဗစ်ဖြစ်ချိန်မှာ သိသိသာသာ ကျသွားတယ်၊ အရင်နှစ်နဲ့စာရင် သုံးချိုး တစ်ချိုး ကျသွားတယ်။ စားသောက်ဆိုင်တွေပိတ်၊ လက်လီဆိုင်တွေလည်း မဖွင့်တော့ စားသုံးမှုသက်သက်ပဲ လကုန်ရက်လေး ရောင်းရတယ်" ဟု တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်က ပြောသည်။


ပြည်တွင်းထွက်ဆန်အမျိုးအစားများ

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) တွင် အသင်းဝင် ဆန်ကုန်သည်ပေါင်း နှစ်ထောင်ကျော် သုံးထောင်ခန့်ရှိပြီး ဆန်ချောများကိုသာ ပြည်တွင်းစားသုံးမှုအတွက် လက်လီဈေးကွက်အတွက် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇ နာရီမှစတင်ဖွင့်လှစ်ပြီး မြန်မာပြည်အနှံ့အပြားမှ ဆန်ကုန်သည်များက ဆန်နမူနာ၊ ထမင်းနမူနာများယူလာ၍လာရောင်းလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ဒုတိယလှိုင်းကာလမှစ၍ တစ်ပတ်လျှင် ဖွင့်ရက် ငါးရက်မှ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ သုံးရက်သာ ကိုဗစ်ကျန်းမာရေးစည်းကမ်းနှင့်အညီ ဖွင့်လှစ်ထားပြီး ကူးစက်မှုလျော့နည်းလာသည့် ဒီဇင်ဘာ ၁၈ရက်မှစ၍ ပုံမှန် တစ်ပတ်လျှင် ငါးရက် ပုံမှန်ပြန်လည်ဖွင့်လှစ်ထားကြောင်း သိရသည်။

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)တွင် ကိုဗစ်ကာလတွင်း တနင်္လာနေ့မှ သောကြာနေ့အတွင်း ဖွင့်ရက်များတွင် တစ်နေ့လျှင် ပျမ်းမျှဆန်ချောအိတ်လေးသောင်းခန့် အရောင်းအဝယ်ဖြစ်နေပြီး မရမ်းကုန်းမြို့နယ် ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) မှာ ပဲခူးတိုင်းဒေသကြီးဝန်းကျင်မှ ဆန်ကြမ်းများ အများဆုံးဝင်ပြီး လက်ကားဈေးကွက်နှင့် နိုင်ငံခြားကုမ္ပဏီများက အများဆုံး အရောင်းအဝယ် ပြုလုပ်ကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

## သုံးခွမြို့ အမှတ်(၁၀) ရပ်ကွက်တွင် ပေ ၄၀ ကွန်ကရစ်တံတား တည်ဆောက်

**သုံးခွ ဇန်နဝါရီ ၂၅**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀ (ကျပ်သန်းတစ်ရာ) ဖြင့် အမှတ် ၁၀ ရပ်ကွက်တွင် ဗန္ဓုလလမ်းနှင့် ပဒုမ္မာလမ်းကို ဆက်သွယ်ပေးသော အရှည် ပေ ၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ် သံပေါင်ရက်မ (ဥက္ကံချောင်းကူတံတားအမှတ်-၂)တစ်စင်းကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ရက်ပြီးစီးစေရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက အမှတ်(၁၀)ရပ်ကွက် နေပြည်သူများသာမက ပဒတ္တိုင်းကျေးရွာနေ ပြည်သူများပါ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကိစ္စများကို အဆင်ပြေစွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် လယ်ယာထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၅ ရက်က ပြောကြားသည်။

**ကိုကျော်(သုံးခွ)**


သုံးခွမြို့ ဥက္ကံချောင်းကူးတံတားအမှတ်-၂ တည်ဆောက်နေစဉ်။


### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာနေ ဒေါ်စုစုအေး ၉/မမန(နိုင်)၀၃၆၈၁၅မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာ၊ ကွင်းအမှတ်-၅၇၇၊ ကွင်းအမည်-ကျောက်ပုန်း၊ ဦးပိုင်အမှတ်-၃၀/၁၊(၁.၅၀)ဧက၊ ဦးပိုင်အမှတ်-၃၈/၁၊ (၅.၂၄)ဧက၊ စုစုပေါင်း(၆.၇၄)ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားပြီး ရောင်းချခွင့်ရှိ၍ အခြားသူသို့ တနည်းနည်းဖြင့် လွှဲပြောင်းထားခြင်းနှင့် အာမခံအဖြစ် တင်သွင်းထားခြင်းမရှိသည့်အပြင် အမွေစားအမွေခံရှင်းလင်းလျှက် အမှုအခင်းအရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံကာ၊ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကတိပြုပြီး သက်ဆိုင်သည့် စာရွက်စာတမ်းများပြသ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသည်ကို ဒေါ်ညိုညိုစန်း ၁၂/အစန(နိုင်)၁၄၆၄၂၇က ဝယ်ယူရန် လက်ခံကာ ၁၄-၁-၂၀၂၁ရက်နေ့တွင် နှစ်ဦးသဘောတူ လယ်ယာမြေအရောင်းအဝယ်စရံပေး ကတိစာချုပ် ပြုလုပ်ချုပ်ဆိုပြီး ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။

အဆိုပါ လယ်ယာမြေနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူမှ ကိုယ်တိုင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ အောက်ပါရုံးခန်းသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ခိုင်လုံစွာလာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ညိုညိုစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာဦး
(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်-ရပ်ကွက်၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် ၅၅(က+ခ)ဟု ခေါ်တွင်သော မြေရှင်ဒေါ်သန်းသန်း ၁၀/မလမ(နိုင်)၀၉၂၄၆၁ပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် TWO TWO FIVE Construction မှ တာဝန်ယူဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ် ကန်ထရိုက်တိုက်၏ ကန်ထရိုက်တာဝေစုရ တိုက်ခန်းဖြစ်သော ပထမထပ် (ယာဘက် ခြမ်း) တိုက်ခန်းအပါအဝင် ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လာသူ ဦးမင်းအောင် ၁၂/အစန(နိုင်) ၀၅၅၇၆၉ ထံမှ ကျွန်ုပ်မိတ်ဆွေသည် ဝယ်ယူရန် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ဆိုခဲ့ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်အောင်စိုး(LL.B,C.B.L,D.B.L.D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၈၅)
အမှတ်(၁၆-က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၄၀၃၁၈၃

### အမည်မှန်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးရွာနေ ဦးသံဒါအောင်၏သမီး မငြိမ်းသန္တာဇော်(တက္ကသိုလ်ဝင်တန်း) အရ အမည်မှန်မှာ မလင်းလက်ရွှေဇင် ဖြစ်ပါကြောင်း။ **မလင်းလက်ရွှေဇင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့်အမှတ် (၂၄၇/၂၀၂၀)အရ ပြန်လည်နေရာချထားသည့် အုပ်စု(RA)-(RA-3)၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ်(၀၂၃၄)၊ အကျယ်အဝန်း(၅၇.၁၁'×၆၀')ရှိ ဦးတင်လှ ၁၂/တတန(နိုင်)၀၈၁၂၂၉ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးတင်လှ ၁၂/တတန(နိုင်)၀၈၁၂၂၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက် စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ညိုမာ (LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၀၆၆၅၈၀၊ ၀၉၇၉၂၂၄၇၅၄၈

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်မှ မြေဧရိယာ(၀ဒသမ၁၀၉)ကေရှိ မြေကွက်အမှတ်(ပ-၂၃၁၃၀)၊ ဒေါ်သန်းသန်းထူး ၁၂/ဥကတ(နိုင်) ၀၄၆၇၈၉(ဘ)ဦးအေးဖေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဟိန်းမြင့်နိုင် ၅/အရတ(နိုင်)၀၇၀၂၅၀(ဘ)ဦးမြင့်နိုင်မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၇၈/၂၁-၁-၂၀၂၁)တင်ပြ၍ ဒေါ်ကျော့ကေခိုင် ၇/ညလပ(နိုင်) ၀၄၈၉၅၁နှင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပြင်ဆင်ဖတ်ရှုပါရန်

